www.burmeseclassic.com

# ဘောသမားဖော်ဒယ်ဂါ နှင့် လူတောသူ လူတောသား

## ဂန္ထဝင်ပဟာသများ

ဦးကောင်းထူး



www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ဘောသမားမော်ဒယ်ဂဲလ်

အပါအဝင်

# လှတောသူ လှတောသား

## ဂန္တဝင်ဟာသများ

## ဦးကောင်းထူး ပြုစုသည်

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၄၀၀၈၃၁၀၇၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၀၉၃၀၀၉၀၇

ထုတ်ဝေခြင်း - ၂၀၀၇-ခု၊ နိုဝင်ဘာလ

ပုံနှိပ်ခြင်း - ပထမအကြိမ်၊ (၁၀၀၀)အုပ်

မျက်နှာဖုံးနှင့်အတွင်းပန်းချီ - မိုးကျော်

ဇလင် - မျိုးညွန့်နှင့်အဖွဲ့

ကွန်ပျူတာစာစီ - သိန်းသိန်းဝေအေး၊ သီသီထွက်၊
Wizard အမှတ် - ၁၉၇၊
၃၃ - လမ်း(အထက်)၊
ကျောက်တံတား၊ ရန်ကုန်။

ထုတ်ဝေသူ - ဦးခင်မောင်ဦး(မြဲ-၀၄၀၇၃)
၄၇၃(က)၊ နီလာ(၆)လမ်း၊
ဂ/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ - ဦးအောင်မြင့်သိန်း (မြဲ-၀၆၃၆၄)
အင်းကြင်းမြိုင်ပုံနှိပ်တိုက်
အမှတ် ၁၄၇၊ ဆိပ်ကမ်းသာလမ်း၊
ရန်ကုန်မြို့။

တန်ဖိုး - ၃၀၀ ကျပ်

# မာတိကာ

- ဂန္ထဝင်စကားဦး ၁
၁။ ခြင်းလုံးနဲ့ ဘောလုံး ၃
၂။ ဒုံးပျံကိုးနဲ့ မီးခဲအက ၅
၃။ တီကောင်အကြိုက် ၇
၄။ မှုမှုတတအားပေးခြင်း ၈
၅။ ခရီးသည်တွေရဲ့ အော်ချက် ၉
၆။ ကတ္တားလား လိပ်လား ၁၂
၇။ ခပ်ငေါ့ငေါ့လေ ၁၃
၈။ ဆီးစေ့မြင်းမိုရ် ၁၄
၉။ အရှူးလှည်း ၁၅
၁၀။ ဒဿလိုမိန်းမ ၁၆
၁၁။ ပွဲတော်အုပ်ထမင်းဝိုင်း ၁၇

www.burmeseclassic.com

www.burmeseclassic.com


၁၂။ ဝူလီပ်သားစားချင်လွန်းလို့ ၁၈
၁၃။ ကြွက်တောဝါ ၂၀
၁၄။ ငိုသောကလေး ၂၁
၁၅။ ဒီဇယ်ဆီမှန်အိမ် ၂၂
၁၆။ အပမိုတဲ့ယောက်မ ၂၃
၁၇။ နတ်သုဒ္ဓါနဲ့ မင်းကွန်းခေါင်းလောင်း ၂၄
၁၈။ ဒုံးယိမ်း ၂၅
၁၉။ မဟာဒုတ်ဘော်လီဘော ၂၇
၂၀။ ဘောသမားမော်ဒယ်ဂဲလ် ၂၈
၂၁။ မင်းသားနဲ့အပြိုင် ၂၉
၂၂။ ဓားပြဝင်စားသူ ၃၀
၂၃။ ကလိုက၊ ကန်လိုကန် ၃၂
၂၄။ ရန်ကုန်သားတွေ လိမ္မာတယ် ၃၃
၂၅။ သိကြားမင်းကတော် ၃၅
၂၆။ ဘာဂျာမှုတ်တဲ့အရာရှိ ၃၆
၂၇။ ဘောလုံးအက ၃၇
၂၈။ လင်များတဲ့ငါး ၃၈
၂၉။ နွားအစားထိုးလူ ၃၉
၃၀။ မုန်းချောင်းရေမခန်းသမျှတော့ ၄၀
၃၁။ သူ့မျက်နှာပပဝင်း ၄၂
၃၂။ တိုင်ပတ်ပြေးမယ် ၄၃
၃၃။ သုံးရွှန်းတစ်ပွဲ ၄၄
၃၄။ တို့လို့တွဲလောင်း တန်းလန်းကြီး ၄၅
၃၅။ မနုဿီဟာလင် ၄၆
၃၆။ အထီးအမခွဲခြားပုံ ၄၇
၃၇။ နတ်မျက်စိပုလင်းကွဲ ၄၈
၃၈။ လမ်းကြိတ်တဲ့လက်ဖွဲ့ ၄၉
၃၉။ လကမ္ဘာဒူးရင်းသီး ၅၀
၄၀။ အမြွာညီနောင်လမ်း ၅၁
၄၁။ သမ္မာနဲ့ ကမ္ဘာ ၅၃
၄၂။ ဂေါက် ၅၄
၄၃။ ဗီပါဘော ၅၅
၄၄။ ဖုတ်လိုက်ဖုတ်လိုက် ၅၆
၄၅။ ပျောက်ဆုံးမေတ္တာစာ ၅၇
၄၆။ အမိန့်တွေစုံလို့ ၅၈
၄၇။ ရေဝေးဘယ်မပြေး ၆၀
၄၈။ စာခြောက်ရုပ်မလှုပ်ရဲ ၆၁
၄၉။ ကားမှင်စာ ၆၁
၅၀။ အရာရှိဆက်ရက် ၆၂
၅၁။ စကားလိမ်နဲ့ပြော ၆၃

www.burmeseclassic.com


၅၂။ နွားရိုက်ပွဲ ၆၄

၅၃။ နားအရသာချဲ့ကျိုကျို ၆၄

၅၄။ သဘာဝမြေသြဇာ ၆၅

၅၅။ အိမ်ခေါင်ဆက်တီ ၆၇

၅၆။ ငါ့မြေထောက်ဘယ်ပျောက် ၆၈

၅၇။ ညှို့သည်တော်ကောသလ္လ ၆၉

၅၈။ သရဲပြေး ဘီလူးငို ၇၁

၅၉။ စာဖွဲ့မကုန် ဖိုးပိန်ပုံ ၇၂

၆၀။ လမ်းစည်းကမ်းလူစည်းကမ်း ၇၃

၆၁။ ကိုယ်လုံးချည်း အိမ်မပြန်တတ် ၇၄

၆၂။ အပျိုပိန်ပိန် ရေမစိမ်နဲ့ ၇၅

၆၃။ မြေမျိုမယ့်အတိုင်း ၇၆

၆၄။ မြင်းမိုရ်ဆီဆွတ် ၇၈

၆၅။ ကြာသကာန်းကပ်တဲ့နေ့ ၇၉

၆၆။ ခေတ်လင် ခေတ်မယား ၈၀

၆၇။ တိမ်ထန်းသီး ၈၁

၆၈။ ကင်းတာရာ ၈၂

၆၉။ အလ္လကပ္ပဓာတ်ကြ ၈၃

၇၀။ ပန်းပြောင်တာယာ ၈၄

၇၁။ ဒဏ်ရာကြော်ငြာ ၈၅

၇၂။ ပြောင်မှပြောင် ၈၆

၇၃။ ကြွက်အယောင် ကြောင်အလား ၈၇

၇၄။ ရွှေညာဏ်တော်စူးပါပေ့ ၈၈

၇၅။ မယ်ဆန်ကင်း ၈၉

၇၆။ ရေခဲစိမ်ဖယောင်း ၉၀

၇၇။ နှမ်းထုပ်သကြား ၉၁

၇၈။ ပြိုင်ကော့မယ်လေ ၉၂

၇၉။ တရွှတ်ရွှတ် တပြွတ်ပြွတ် ၉၄

၈၀။ မိခင်ကောင်းအလိုရှိသည် ၉၅

၈၁။ ကဗျာသံ ကြာသံ ၉၆

၈၂။ တန်ခိုးရှင် ငိုပေတော့ ၉၇

၈၃။ အနံ့အရင့် ကွာမှကွာ ၉၈

၈၄။ သမန်းညက် သမက်ဖမ်း ၉၉

၈၅။ မုဆိုးလား သားကောင်လား ၁၀၀

၈၆။ ပလတ်စတစ်ရုပ်မျက်နှာ ၁၀၁

၈၇။ ပိန္နဲပဒိုင်း ၁၀၂

၈၈။ ရထားဒုက္ခ ၁၀၃

၈၉။ ရထားဈေးသည် ၁၀၄

၉၀။ သုတေသနခရီး ၁၀၆

၉၁။ ဆိုင်ကယ်ဘီလူး ၁၀၇


www.burmeseclassic.com

www.burmeseclassic.com


၉၂။ ရေခဲချောင်းဆေးလိပ် ၁၀၈
၉၃။ လောကငရဲ ၁၀၉
၉၄။ ယမကာမျက်လုံး ၁၁၀
၉၅။ အပြစ်မရှိ အပြစ်ရှာ ၁၁၁
၉၆။ ဝိရူရနဲ့ မောင်ဆန် ၁၁၂
၉၇။ မြင်းနက်ကြား ၁၁၃
၉၈။ ပန်းနားကပ် ၁၁၄
၉၉။ ရှားမှရှား ၁၁၅
၁၀၀။ ပဲဟင်းသမုဒ္ဒရာ ၁၁၆
၁၀၁။ ခရမ်းပျား ၁၁၇
၁၀၂။ ဂမုန်း ဂချစ် ၁၁၉
၁၀၃။ ခွေးရဲ့ကျိန်စာ ၁၂၀
၁၀၄။ အားဆေးအသစ် ၁၂၁
၁၀၅။ နို့ဆီအိုးခွေးတိုး ၁၂၂
၁၀၆။ စကားနိုင် စကားပြိုင် ၁၂၃
၁၀၇။ ဓားခုတ်ကောင်အဆစ်ပြုတ် ၁၂၅
၁၀၈။ ကုန်ရော ၁၂၆
၁၀၉။ မှော် ၁၂၇
၁၁၀။ ခွေးခေါင်းထမင်း ၁၂၈
၁၁၁။ အကြွေစက်ရုံ ၁၂၈
၁၁၂။ ဥစ္စာစောင့်လင်ငယ် ၁၂၉
၁၁၃။ ဟာကြူလီကယ်ပါ ၁၃၀
၁၁၄။ ဓားကောင်းတစ်လက် ၁၃၁
၁၁၅။ ဂီရိမေခလာဘီယာ ၁၃၃
၁၁၆။ ရှယ်မှို ၁၃၅
၁၁၇။ ငြင်းရမယ်ဆို အီစကို ၁၃၆
၁၁၈။ ဒေါက်ဒေါက် ဒေါင်ဒေါင် ၁၃၈
၁၁၉။ ဓားစွမ်းကောင်း ၁၃၉
၁၂၀။ လူ့တော်သလင်း ၁၄၀
၁၂၁။ စာရင်းဖွက် ၁၄၁
၁၂၂။ ပေါ်ရီသာဒညောင်ပင် ၁၄၂
၁၂၃။ မှုန်မှုန်သာမှိုင်းပါလို့ ၁၄၃
၁၂၄။ မော်ဒယ်မှ မောတယ်သို့ ၁၄၄
၁၂၅။ မမနဲ့လက်စွပ် ၁၄၅
၁၂၆။ အပျိုလေးနဖူး ၁၄၆
၁၂၇။ မှန်တိုင်းထဲက ဖော့တုံးများ ၁၄၇
၁၂၈။ လောင်းကစားဝိဇ္ဇာ ၁၄၈
၁၂၉။ ဦးမင်းကျော်အစာကြေဆေး ၁၄၉
၁၃၀။ သျှောင်ထုံး ထုံးရမယ့်သက် ၁၅၀
၁၃၁။ မိုးလေဝသဗေဒင်ဟော ၁၅၁


www.burmeseclassic.com

www.burmeseclassic.com

၁၃၂။ မူးမမူး ၁၅၂
၁၃၃။ တောမီးရှပ်တု ၁၅၃
၁၃၄။ သော့ခတ်ထားကြ ၁၅၄
၁၃၅။ အက်လိုက်တဲ့ပတ်ကြား ၁၅၅
၁၃၆။ ဗုဒ္ဓဟူးနံ့တွေသတီထား ၁၅၆
၁၃၇။ "ဝံ"ငိုကာ ၁၅၇
၁၃၈။ မယ်စကြာဝဠာပိန် ၁၅၈
၁၃၉။ အမြင့်တက်ရကိန်းအမှန် ၁၅၉
၁၄၀။ အထပ်ထပ်ကွမ်း ၁၆၁

## ဂန္ထဝင်စကားဦး

"ချစ်ရှင်သနား၊ တည်ကြားကြမ်းကြုတ်၊ စက်ဆုပ်ရွံ့၊ ကြောက်ရွံ့အံ့ဩ၊ နောအရသာ" ဆိုတဲ့ ရသကိုးပါးမှာ "ရှင်" ဆိုတဲ့ ဟာသရသဖွဲ့ဆိုရတာ အခက်ဆုံးလို့ စာပေပညာရှင်များက မိန့်ကြားပါတယ်။

လှတောသူ လှတောသားတွေက စကားကြွယ်သလောက် "ဟာသရသ" ကို ပိုင်ရာမှာ ပတ္တမြားလုံးကိုင်မွေးလာတဲ့ မဟော်သဓာသုခမိန်လို မွေးရာပါ ပါရမီရှင်တွေလို့ ဆိုလောက်ပါတယ်။

လူတစ်ယောက်ကို ငိုအောင်လုပ်ရတာ လွယ်ပေမယ့် ရယ်အောင်လုပ်ဖို့ မလွယ်ပါဘူး။ လှတောသူ လှတောသားတွေ ပြောပုံက အနက်အဓိပ္ပာယ်အနေနဲ့ စိတ်ဆိုးစရာကောင်းတဲ့တိုင်အောင် စကားတွေက ဟာသပါနေတော့ ပြုံးစရာရယ်စရာတွေ ဖြစ်သွားရတာပေါ့။

"ရယ်သောသူ အသက်ရှည်၏" ဆိုသလို "ပျော်ပျော်နေသေခဲ" ဆိုတဲ့စကားရှိတာ လူတိုင်းအသိပါ။

www.burmeseclassic.com

www.burmeseclassic.com



လူတော်သူ လူတော်သားတွေဟာ ဘဝကြမ်းတဲ့ တောသူတောင်သားတွေ များပါတယ်။

ဒါပေမဲ့ ... သူတို့ဟာ ကြုံလာတဲ့ လောကဓံ၊ ဘဝရဲ့ ခါးသီးမှု၊ ကမောက်ကမနိုင်မှု၊ လူတွေရဲ့ အချိုးမပြေမှု၊ လူမှုဖောက်ပြန်မှု၊ အတ္တလွန်ကဲမှု၊ လောဘ၊ ဒေါသ၊ မောဟ၊ သောကတွေ အားလုံးကို သရော်ပစ်လိုက်တယ်။ ဟားတိုက်ပစ်လိုက်တယ်။ တစ်နည်းအားဖြင့် အနိုင်ယူပစ်လိုက်တယ်ပြောရမှာပါ။

စင်စစ်တော့ ... မကျေနပ်မှုတွေကို ရယ်မောလှောင်ပြောင်ခြင်းနဲ့ ဖြေဖျောက်ပစ်လိုက်တာလို့လည်း ဆိုနိုင်ပါတယ်။

ဒါဟာ မွန်းကျပ်မှုတွေထဲက ဖောက်ထွက်ခြင်းတစ်မျိုးပဲ။

သူတို့အနေနဲ့ ဟာဒယရွှင်ဆေးကို အမောပြေအာဟာရအဖြစ် စားသုံးပြီး ရှင်သန်နေကြသူတွေ ဖြစ်တယ်ဆိုရင် မမှားပါဘူး။

ထူးခြားတာက ... ဒီဆေးကို ကိုယ်တိုင်လည်း သောက်နိုင်သလို အများပရိသတ်ကိုလည်း တိုက်ကျွေးနိုင်စွမ်း ရှိတာပါပဲ။

လူတော်သူ လူတော်သားတွေရဲ့ ဂန္ထဝင် နှလုံးအားတိုးဆေးကြီးကို စာဖတ်ဝါသနာရှင်များ အားပါးတရသုံးဆောင်ဖို့ ဝေမျှပေးလိုက်ပါတယ်။

စုဆောင်းစီစဉ်သူ



## ခြင်းလုံးနှင့် ဘောလုံး

ကိုလိုနီခေတ်က အဘိုးအိုတစ်ယောက်ဟာ ရွာသူကြီးနှင့် မသင့်မြတ်လို့ အဖမ်းခံခဲ့ရပါတယ်။ ပြန်လွတ်လာတဲ့အခါ သူ့အတွေ့အကြုံကို ပြောပြတာကတော့ ...

"အမှုကတော့ လက်နက်မှုတဲ့ကွယ်၊ ချဲ့ရင်ချဲ့သလောက် ဟိမဝန္တာလောက်ကျယ်ပြီး စက်တိုင်အထိ ရောက်သွားနိုင်တယ်ဟေ့။ ပုလိပ်သားတွေက သေနတ် ဘယ်မှာ ဝှက်ထားသတုံးတဲ့။ ငါ့မှာလည်း သရက်သီး သနပ်၊ သံပရာသီးသနပ်ကလွဲလို့ ဘာသေနတ်မှ မရှိဘူးဆိုတဲ့ကြား ဖမ်းသွားကြတာပဲ။

"ရိုက်နှက်နှိပ်စက်ပြီး စစ်ရောလား"

"ဟာ ... မပြောပါနဲ့တော့ လူရာ၊ တစ်လမ်းလုံး ငါ့ကို ဝိုင်းကန်လိုက်တာများ ဘုန်းကြီးကျောင်းသားတွေ တစ်ပြုံကြီး ခြင်းလုံးခတ်နေကြသလား မှတ်ရ။ သူကြီး ချောက်တွန်းပြီး

www.burmeseclassic.com



တိုက်လိုက်တဲ့ အရက်တန်ခိုးပေါ့ကွယ်"

"အဘက ပြန်မချဘူးလား"

ရွှေဘိုသား တစ်ယောက်က မခံချင်ဒေါသနဲ့ ဖြတ်မေးလိုက်တာ ... အဘိုးကြီးက –

"ပြန်ချဖို့ နေနေသာသာ မော်တောင်အကြည့်မခံဘူး။ ငါကတော့ ဒီအတိုင်းဆိုရင် ဂါတ်မရောက်ခင် အမှုန့်ဖြစ်တော့မှာပဲဆိုပြီး ဂါတ်မြန်မြန်ရောက်ပါစေလို့ ဆုတောင်းနေရကလား"

"ဂါတ်ရောက်တော့ သက်သာသွားရောလား"

"ဟလိုလေး ... ဂါတ်ရောက်တော့မှ အင်္ဂလိပ်ကျောင်းသားတွေ ဘောလုံးကန်သလို ဝိုင်းအကန်ခံရပြီး တစ်ခါတည်းအချုပ်ခန်းထဲ တန်းရောက်သွားတာများ အတောင်ပေါက်ပြီးထိုးပျံရတဲ့ လင်းတလေး အတိုင်းပါပဲကွာ"

ဂါတ် = (ယခု) ရဲစခန်း။

❐



## ဖိုးပျံကိုးနဲ့ မီးခဲအက

မြို့နယ်တက်ဖို့ သရိုင်နဲ့ ချီဖါဘောလုံးအသင်းတွေ ယှဉ်ပြိုင်ကြတဲ့ပွဲ။

သူတို့ရွာသူရွာသားတွေအပြင် လှတောက ဘောလုံးသရဲတွေလည်း သွားအားပေးကြတယ်။

ပြိုင်ဘက်ရွာတွေကတော့ သူတို့အသင်းတွေ ဘောလုံးသယ်လာပြီဆိုရင် အားပေးလိုက်တာများ ဆူညံနေတာပေါ့။

ဘောလုံးသမားတွေ ပြေးလိုက် ကန်လိုက်နဲ့ လျှာထွက်သမတတ် မော်နေတဲ့ကြားက ကွင်းဘေးက ငုတ်တုတ်ထိုင်အော်နေသူတွေရဲ့ဒဏ် ခံရသေးတယ်။

တချို့က အော်ရုံနဲ့ အားမရလို့ ဆဲတောင်ဆဲကြတယ်။

"ဂိုပေါက်က ပင်လယ်ဝလောက်ကြီး ကျယ်တာတောင် လွဲရတယ်လို့ သပေါက်မသား ကန်ချက်နှယ်"

လှတောသားကတော့ မဆဲဘူး။

အကြောလေးနဲ့ အပြောလေးက –

"ပါးစပ်ကလေးနဲ့ ဆရာလုပ်မယ့်အစား ကိုယ်တိုင်

www.burmeseclassic.com

www.burmeseclassic.com



ဆင်းကန်စေချင်တယ်ကွယ်၊ ဘောလုံးသမား မောနေပုံနှယ် အတောင်အောက် ခေါင်းလျှိုပြီး အမောဖြေနေတဲ့ ကြက်ကြီးလားမှတ်ရ"

တိုက်ကြက်သဘာဝနဲ့ နှိုင်းထောက်ပြလိုက်တာပါ။

ပြောရင်းဆိုရင်း ချီပါရှေ့တန်းက ဘောလုံးသယ်လာတယ်။ သရိုင်က လိုက်ဖျက်တယ်။ မရဘူး။ ဟန်ရေးပြနေတဲ့ သရိုင်ခြေကြားထဲက ထိုးယူလှည့်ပတ်ပြေးပြီး ဂိုးပေါက်ထဲကန်ထည့်လိုက်ပါလေရော။

"ဂိုး"

အသံကြီးက အုန်းအုန်းထသွားတယ်။

ချီပါသားတွေက ပီတယ်။

သရိုင်သားတွေက ဂိုးသမားကိုဆဲကြတယ်။ လှတောသားတစ်ယောက်က ကွင်းပြင် အကဲဖြတ်ဒိုင်လုပ်ပြီး ... အချင်းချင်းလှည့်ပြောမိပြီ။

"ချီပါသားတွေ ကကြခုန်ကြပုံကဖြင့် မီးခဲနင်းမိလို့ ထခုန်တဲ့လူ သံစူးနေတဲ့ အတိုင်းပါလားဟရို့"

နောက်တစ်ယောက်ကလည်း ဆက်တိုက် သရုပ်ဖော်ပုံက

"ဂိုးသွင်းတဲ့လူ ကန်ချက်ကဖြင့် ပြင်းလှိုက်လေကွယ်၊ ဘောလုံးကို ဒုံးပျံမှာတပ်ပြီး ပစ်လိုက်သလား မှတ်ရသယော့" တဲ့။

❒



## တီကောင်အကြိုက်

ဒီနေ့ ဘောလုံးပွဲကတော့ လှတောနဲ့ ဝက်လက် အကြီးအကျယ် ခြေစမ်းပွဲ။

လှတောသားတွေ ရွာလုံးကျွတ် လာကြည့်ကြတာပေါ့။

ဝက်လက်ဘောလုံးသမား တစ်ယောက်က ဆင်ခန္ဓာကြီးနဲ့ ပေါင်လုံးကြီးတွေကလည်း တုတ်တုတ်ခိုင်ခိုင်မို့ –

"ဟလိုလေးကွယ် ... တုတ်လိုက်တဲ့ ပေါင်တန်ကြီးတွေများ ဘုန်းကြီးကျောင်းအိုထဲက ကျောက်တိုင်ကြီးတွေလားမှတ်ရ"

လှတောသားတစ်ယောက်က ချီးမွမ်းသံနဲ့လှောင်သံ နှစ်မျိုးစွက်နေတဲ့ စကားနဲ့ အသံစပေးလိုက်တယ်။

"အေးဟ ကြီးလိုက်တဲ့ခေါင်းကြီးကလည်း ဗီပါပေါ်က အုန်းသီးအတိုင်းပဲ"

နောက်တစ်ယောက်က ဖြည့်စွက်ချက်ပေးလိုက်ပါတယ်။

ဒီတွင် တတိယလူက နိဂုံးချုပ်ပေးလိုက်ပုံကတော့...

"အေးကွ ... သေတဲ့အခါ တီကောင်တွေ သဘောကျတာ ဒီကိုယ်လုံးကြီးမျိုးပေါ့"

ဝေါခနဲရယ်သံကြီးက နောက်ဆက်တွဲပေါ်လာတော့တာပါပဲ။

❒

www.burmeseclassic.com

www.burmeseclassic.com



## မျှမျှတတအားပေးခြင်း

ဘောလုံးအသင်း နှစ်သင်းစလုံး တခြားရွာတွေကဖြစ်ပေမယ့် လှတောဝါသနာအိုးတွေကတော့ ရှေ့ဆုံးကပါပဲ။ ပါးစပ်လေ့ကျင့်ကွင်းအနေနဲ့ ရောက်လာကြသလား မဆိုနိုင်ပါဘူး။ ဘာပဲပြောပြော အားကစားစိတ်ဓာတ် အပြည့်ရှိသလို မျှမျှတတအားပေးခဲ့ကြတာတော့ အမှန်ပေါ့။

ပွဲစတာနဲ့ အဖြူရောင်အသင်းက ဖိကစားတာတွေ့ရပါတယ်။ ထိုးဖောက်မွှေနှောက်နိုင်ပါတယ်။ ဘောလုံးဟာ အဝါရောင်နောက်တန်းနှင့် တွေ့တော့မှ တိုက်စစ်တိုက်ကွက်တွေ ပျောက်၊ ဘောထွက်ဘော ဖြစ်သွားရတာပါပဲ။

"ကောင်းလိုက်တဲ့ နောက်တန်း၊ သံတံတိုင်းကြီးများလားဟဲ့"

လှတောသားတွေရဲ့ အင်အားကို အဝါရောင်အသင်းက အားကိုးထားပါတယ်။



ဒါပေမဲ့ အဝါရောင်က ညံ့သလောက် အဖြူက တက်ဖက်သတ် ကောင်းနေတာကလား။

ဟော ... တစ်လုံး၊ ဟော ... တစ်လုံးနဲ့ ဂိုးအလှူပေးနေသလိုပါပဲ။

"သွင်းလိုက်တဲ့ ဂိုးကတော့လား ရွှတ်ခနဲ ရွှတ်ခနဲ၊ ပဲကြီးရေစိမ် အခွံထွက်နေသလား မှတ်ရ"

အဖြူဂိုးသမားကတော့ အဝါတွေရှားရှားပါးပါး သွင်းသမျှ ဒိုက်ထိုးလိုက်၊ ခုန်ဖမ်းလိုက်၊ ပုတ်ထုတ်လိုက်နဲ့ အစွမ်းပြကာကွယ်နိုင်ပါတယ်။

အဲဒီတော့လည်း ... အဖြူရောင်ဂိုးသမားကို ချီးကျူးတဲ့လှတောသားလေးက ...

"ဂိုးသမားနယ် တော်လိုက်လေ၊ လာသမျှ ဘောလုံးကို မလွတ်တမ်း ဖမ်းပုံကဖြင့် တွယ်ချိတ်ကို သံလိုက်တုံးနဲ့ ဖမ်းဆွဲလိုက်သလားမှတ်ရ၊ ထပ်ခနဲ ထပ်ခနဲ"

❐

www.burmeseclassic.com

www.burmeseclassic.com



## ခရီးသည်တွေရဲ့အော်ချက်

ကားသမားတွေဟာ ခရီးသည်ကို မလေးမစား၊ ရိုင်းရိုင်းစိုင်းစိုင်း၊ မချေမငံ ပြောဆိုဆက်ဆံရာမှာ ဘယ်နေရာမဆို တစ်ပုံစံတည်းပါပဲ။

ခုလည်း ဟင်္သာတကားပေါ်မှာ လှတောသားတွေရောက်နေလေရဲ့။

တခြား ခရီးသည်တွေကတော့ ရိုးနေသလို "ကြာလိုက်တာနော်" လောက်ပဲ ညည်းကြတယ်။

လှတောသားကတော့ ပါးစပ်မှာ စက်သေနတ်တပ်ထားသလို ခရီးသည်တွေ ပြည့်နေပါလျက်နဲ့ မထွက်သေးလို့ သည်းမခံနိုင်တဲ့အဆုံးမှာ ရှေ့တန်းထွက်တော့တာပါပဲ။

"ကားဆရာတို့၊ ကနေ့ ဒီကားထွက်ဦးမှာလား၊ ကားမှတ်လို့ တက်ထိုင်ပါတယ်၊ ဇရပ်ပေါ်ရောက်နေသလား မသိပါဘူး"

ဒီအခါ အဖော်လှတောသားက ...



"လင်းကတည်းက လာထိုင်နေရတာ၊ လူကကျပ်၊ အိုးစော်ကန်၊ နေကပူ၊ ပစ္စည်းကလည်း အပြည့်အသိပ်၊ မင်းတို့ဟာ ကားမှဟုတ်ရဲ့လားကွာ၊ စက်ရုံဂိုဒေါင်များ ဖြစ်နေရော့သလား"

အရှိန်ရသွားပြီဆိုတော့ လှတောသား နောက်တစ်ယောက်ကလည်း ဝင်ထုလိုက်ပြန်ရော။

"လူမှိုသပေါ့ကွာ၊ သစ်စေ့ဆို အပင်ဖြစ်လောက်ပြီ၊ ကောက်ရိုးဆိုလည်း မှိုပေါက်နေတာကြာပြီ"

ဒီတော့မှပဲ ကားသမားတွေက စက်နှိုးခဲ့ပါတော့တယ်။

❐

www.burmeseclassic.com

www.burmeseclassic.com



## ကတ္တားလား လိပ်လား

လှုတော–ဝက်လက် ခရီးသည်တင်ကားမှာ စက်မကောင်း ရတဲ့အထဲ ကျင်းဗော်ဂွ ချိုင့်တွေအရောက် ဘရိတ်အုပ်ရပြီး လူက လည်းအပြည့်မို့ ခရီးမတွင် လိပ်သွားနှုန်းလောက်သာရှိတော့ တယ်။

အရေးတကြီးကိစ္စနဲ့ ခရီးထွက်လာတဲ့ လှုတောသားအဖို့ နာရီတကြည့်ကြည့်နဲ့ ဖြစ်နေရာက စိတ်တိုတိုနဲ့ ပြောလိုက်ပါ တော့တယ်။

"နေးရာလိုက်လေကွယ်ရို့၊ ဒီကားအစား ကတ္တားကို စီးသွားတာမှ မြန်လိမ့်ဦးမယ်"

တစ်ခါကလည်း စက်မကောင်းလို့ မဆွဲတဲ့ကားနဲ့ ထမင်းဆာနေတဲ့ လှုတောသား ဂယော့ဆက်မိပါလေရော။

ဒီတော့ ဘယ်လိုပြော ထင်သလဲ။


"အလိုလေးကွယ် နေးလိုက်တဲ့ ကားရယ်၊ သံခြေကျင်း ခတ်ထားတဲ့ လိပ်ကို စီးနေရသလိုပါလား" တဲ့။

❒




www.burmeseclassic.com

www.burmeseclassic.com






## ခပ်ငေါ့ငေါ့လေး

လှတော–ဝက်လက် ကားလမ်းဆိုးပုံ ရာဇဝင်စာတင်ခဲ့ပြီး ပါပြီ။

"ကျောက်ခဲစားသွားတာတောင် အစာကြေသတဲ့" ဆိုပဲ။

ခုလည်း ရွှေဘို–မန်းကားပေါ်မှ ကိုယ်တွေ့ကြုံသော ညှော်သည်စိမ်း ခရီးသည်တစ်ယောက်က ကြားဖူးနားဝ ထိုစကား ကို ရေရွတ်လိုက်ပါတယ်။

လုံးကြီးတင် မခံတဲ့ လှတောသားက ဆန်ခတ်လိုက်သလို

"ခင်ဗျား ကျောက်ခဲက ပျော့လို့ထင်ပါရဲ့၊ ခုတော့ ပြော သလောက်မဆိုးတော့ပါဘူး၊ ဟာလိုလေး ...ကြည့်စမ်းပ၊ ပေတံကို ချခင်းထားသလားမှတ်ရ၊ ကောင်းလိုက်တဲ့လမ်း"

ခပ်ငေါ့ငေါ့လေးနဲ့ အသစ်အဆန်း ထွင်လိုက်တဲ့စကားလို့ ခရီးသည်တွေအဖို့ မှတ်စရာတစ်ခု တိုးသွားလေသတည်း။

❒

www.burmeseclassic.com

www.burmeseclassic.com



## ဆီးစေ့မြင်းမိုရ်

လှတောဂိတ်ကို ဆိုက်လာတဲ့ ဝက်လက်ကားထဲမှာ လူအုပ်နှင့်ရော၍ မိန်းမကြီးတစ်ယောက် ဆင်းလာပါတယ်။

ပစ္စည်းတွေကအပြည့်နဲ့၊ တောင်းကြီးရွက်လို့။ လက်နှစ်ဖက်စလုံးမှာလည်း အထုပ်နှစ်ထုပ်နဲ့ ဆွဲခြင်းတွေပါလာသေး။

မနိုင့်မနင်းနှင့် ကျောက်လမ်းပေါ် တက်သွားရာမှာ ချော်လဲပြီး ဖြုတ်စဖျင်းတောင်းတွေ လွင့်စင်ကုန်ပါလေရော။

ဒီမြင်ကွင်းကို ဆံပင်ညှပ်ဆိုင်ထဲမှ လှတောသား တစ်ယောက် လှမ်းတွေ့လိုက်ရာမှ ဇာဖွဲ့လိုက်ပုံက...

"ဟာလိုလေးကွယ်၊ ကိုးရီးကားရား နိုင်လိုက်ပုံများ ရေထမ်းသမားကို ကျွဲခတ်ထားသလားမှတ်ရ"

❐



## အရှုးလှည်း

လူပါးတဲ့ နေ့ခင်းမို့ ကားသမားက ဒုံးပျံနှုန်းနဲ့ မောင်းချလာပါတယ်။

ခရီးသည်တွေခမျာ လူးလိမ့်နေရာက လွင့်မကျအောင် မှီရာလက်ကိုင်တန်းတွေကို ဖမ်းဆုပ်ထားရတာ လက်မောင်းတွေ သွေးခဲမတတ်။

သမ္မုဒ္ဒေ ရွတ်တဲ့လူကရွတ်၊ ဘုရားတ,သူကတ။

ကားသမားကတော့ သူ့ကိုယ်သူ လေယာဉ်ပျံမှူးပိုင်းလော့လား မှတ်ထင်ရ။

အကြောက်လွန်လာတဲ့ ခရီးသည် အဒေါ်ကြီးတစ်ယောက် ခုနစ်သံချီ ထဟစ်လိုက်ပါတော့တယ်။

"ဟော့ ... မင်းတို့ကားရပ်၊ ခုချက်ချင်းရပ်၊ ဟမလေး ကားမှတ်လို့ တက်စီးလာတာပါ၊ ခုမှ အရှုးမောင်းတဲ့ သံပုံးလှည်း ပေါ်ရောက်နေပါကလားတွဲ့"

❐

www.burmeseclassic.com

www.burmeseclassic.com



## ဒဿလိုမိန်းမ

လူစုမိရင် သန်းရှာတာနဲ့ အတင်းပြောတာ မိန်းမတွေရဲ့ အလုပ်လို့ ဆိုရမလိုပါပဲ။

ခုလည်း သန်းရှာရင်း သူ့အကြောင်း ကိုယ့်အကြောင်း ပြောရင်းက တခြားလူအကြောင်း ရောက်သွားတယ်။

"ကောင်မက ရုပ်ကလေးလှသလောက် မျက်နှာများတာ များ ဒဿဂီရိမျက်နှာ ငှားတပ်ထားသလားမှတ်ရ"

"ဟုတ်ပ၊ ဝမ်းဆက်ဝတ်မှ ခေတ်မီသလို ယောကျ်ားများမှ ခေတ်မီသတဲ့လေ၊ မယားကြီးငုတ်တုတ်တောင် သူကမရှောင်ဘူး"

"ဟလိုလေးလေး၊ သူပစ်ထားခဲ့တဲ့ ယောကျ်ားတွေ အသည်းသာ နှင်းသီးကွဲသလို၊ ပန်းကန်ဖန်ခွက်ကွဲသလို ကွဲမယ် ဆိုရင်တော့ အသည်းကွဲစတွေ တစ်တင်းသားလောက် ရမယ် မှတ်ရ"

□



## ပွဲတော်အုပ်ထမင်းဝိုင်း

ဧည့်သည်ရှေ့မှောက် ထမင်းပွဲအရောက်ချအပြီး အိမ်ရှင် လူတော်သားက ...

"သူငယ်ချင်း ထမင်းစားရအောင်၊ မရှိရှိတာကျွေးရတာမို့ အားတော့ခပ်နာနာပဲ၊ ချက်လိုက်ပြုတ်လိုက်နဲ့ ကြာပုံကတော့ ဆင်အကောင်တစ်ရာ သတ်ချက်နေသလား ထင်ရပြီး ထမင်း ကျတော့ ပုရွက်ဆိတ်ဂီလာနကို ချက်ထားတာလို့တော့ စိတ်ထဲ မကဲ့ရဲ့နဲ့"

"ငါလည်းတောသားပဲကွာ၊ တစ်ခွက်ကောင်းတော်ရောပေါ့၊ အများကြီးချက်စရာ မလိုပါဘူး၊ အိမ်ရှင်မကို အားနာစရာ"

"ဟင်းခွက်တွေ များတာတော့ မပြောနဲ့ သူငယ်ချင်း၊ ဆွမ်းကြီးလောင်းပွဲက ခိုးလာသလားမှတ်ရ၊ ငါကလည်း နရသီဟပတေ့ အားကျပြီး ဟင်းခွက်များမှ ကြိုက်တာမဟုတ်လား၊ ဟင်းခွက်နည်းရင် ခွေးစားခွက်ထဲက အမဲရိုးတောင် ချမ်းသာပေးတာမဟုတ်ဘူး၊ စားပွဲပေါ် အလှပြတင်ထားမှ ကျေနပ်တဲ့ကောင်"

□

www.burmeseclassic.com

www.burmeseclassic.com



## ပုလိပ်သားစားချင်လွန်းလို့

ကိုလိုနီခေတ်က နတ်ကန်ဦးကို ပုလိပ် (ယခု – ရဲ) သုံးယောက် ရောက်လာတာနဲ့ ရွာဆော်က လိုက်အော်တယ်။

"ပုလိပ်သားဟေ့–ပုလိပ်သား"

"ဘယ်မလဲဗျို့"

"မေးနေရသလားဟ၊ သူကြီးအိမ်မှာ ရောက်နေတယ်"

ဒီလိုနဲ့ နတ်ကန်ဦးသူတွေ ကြီးကြီးငယ်ငယ် ရွယ်ရွယ်လတ်လတ် ရသမျှ အိုးခွက်ဇလုံတွေဆွဲပြီး သူကြီးအိမ် ပြေးကြတယ်၊ တချို့များ အလေးချိန်ခွင်တွေတောင် ပါသေး။

သူကြီးလည်း သူတို့အုပ်ကိုကြည့်ပြီး မျက်လုံးပြူး မျက်ဆန်ပြူးနဲ့ ...

"အိုးတွေ ပလုံးတွေနဲ့ ဘာဖြစ်လာကြတာလဲ၊ ဘာလုပ်ဖို့တုံး"



ခေါင်းဆောင်လုပ်တဲ့ အမျိုးသမီးကြီးက ပြန်ဖြေတယ်။

"ပုလိပ်သားဆိုတော့ ကျုပ်တို့က ဝယ်စားမလို့"

"ဟုတ်ပါရဲ့ သူကြီးရယ်၊ ဝက်သား အမဲသားလို စားရတယ်မှတ်လို့"

"နင်တို့ဘယ်သူကများ ချောက်တွန်းပြီး ထောင်လိုက်တာပါလိမ့်၊ ဒီမှာက စာသင်ကြီးနဲ့ ဆပ်သားတွေ ရောက်လာလို့လှည်းဆင့် ဘာဆင့်နဲ့ လိုသလိုဆင့်မလို့ဟာ"

"ဟောတော့ ကျုပ်တို့ကတော့ တစ်ပိဿာ မရတောင်ငါးဆယ်သား အစိတ်သားလောက် အကြွေးဝယ်မယ် စိတ်ကူးလာတာ၊ လက်စသပ်တော့ ပုလိပ်သားဆိုတာ လူတွေကိုး"

သိသိကြီးနဲ့ တမင်ရွဲ့တာပဲလား၊ မသိလို့ပြောတာပဲလားတော့ မဆိုနိုင်၊ ဟီတိုက်ပြီး ပြန်သွားတဲ့နောက်မှာ သူကြီးကမျက်စိမျက်နှာပျက်လို့၊ ပုလိပ်တွေလည်း ယမ်းပုံမီးကျ ဒေါသဘူမှာတွေ ဖြစ်ကျန်ခဲ့ရတာတော့ အမှန်ပေါ့။

❐

www.burmeseclassic.com

www.burmeseclassic.com



## ကြွက်တောဝါ

လှတောသား လယ်သမားနှစ်ယောက် ကြွက်သောင်းကျန်းပုံ စကားစပ်မိကြလေရဲ့။

"ကြွက်ကြမ်းပုံများတော့ စပါးထည့်ဖို့ ငါးဆယ်ဝင်ပုတ်တစ်လုံးကို နွားချေးမသုတ်ခင် ညညလာကိုက်လိုက်ကြတာ တရုတ်ပေသီးတွက်နေသလား မှတ်ရ"

"အေးလေကွာ၊ ငါ့ပုတ်လည်း ကြွက်နှိပ်စက်တော့ တွေ့တဲ့လူများက သံဆန်ခါနဲ့ရက်တဲ့ပုတ် ဒီတစ်ခါပဲ မြင်ဖူးတယ်၊ ဘာထည့်ဖို့ပါလိမ့်လို့ မေးယူရတဲ့အထိ"

❒



## ငိုသောကလေး

ဆံပင်ညှပ်ဆရာနဲ့ ခေါင်းညှပ်တဲ့ကလေး နပန်းလုံးနေရတယ်။

မအေက ဘယ်လိုချော့ချော့ မရဘူး။

"အေး၊ ဗီဒီယို မခေါ်ဘူး သိလား"

ကလေးက ဗီဒီယို မကြည့်ရတာထက် မငိုရမှာ စိုးရိမ်နေပုံပဲ။ ဗုန်းခနဲ ရိုက်လိုက်မှ ငြိမ်သွားတယ်။

နောက်ဆုံး ဆံပင်ညှပ်သမားခမျာ ချွေးတလုံးလုံးနဲ့ ဟင်းချတယ်။

"အစ်မသားကို ဆံပင်ညှပ်ပေးမယ့်အစား လူဝံအကောင်တစ်ထောင်ကိုသာ ညှပ်ပေးလိုက်ချင်တော့တယ်"

ဆံပင်ညှပ်ခ ရှင်းပြီးနောက် သူ့ဆိုင်က ဆိုင်းဘုတ်ကလေးကို ပြင်ရေးလိုက်ပါတယ်။ ကလေးတစ်ဆယ် အောက်မှာ "ငိုသောကလေး တစ်ခေါင်းကို ၁၀၀ ကျပ်" တဲ့။

❒

www.burmeseclassic.com

www.burmeseclassic.com



## ဒီဇယ်ဆီမှန်အိမ်

"ဟော့ ... မီးထွန်းပါပြီ၊ မှောင်ကြီးထဲပြောရတာ စကားလုံးတွေကို မမြင်ရတော့ အားကိုမရဘူး"

"ရေနံဆီမမြင်ဖူးတာ ကြာပြီကောကွာ၊ ခုနေ ရေနံဆီ တွေ့ရင်တောင် မှတ်မိပါ့မလားမသိဘူး"

"ဟ ... လူရ၊ ဒီဇယ်ကို ဆားခတ်ထွန်းရင် ရတာပဲ၊ လမင်းထက် ဆယ်လေးတောင် သာသွားဦးမယ်မှတ်"

အိမ်ရှင်က မှန်အိမ်ထွန်းပေမယ့် တဟုတ်ဟုတ်နဲ့ မှိန်လိုက် လင်းလိုက်။

ဧည့်သည်က ...

"ဟလိုလေး မီးအိမ်ရယ်၊ လှမမာမျက်နှာလို လင်းလင်း ကျင်းကျင်းမရှိလိုက်တာ၊ ဆင်ရွေးစေလွှားမှတ်ရ၊ မင့်ဒီဇယ်က ဘာတွေရောထားမှန်းမှ မသိတာ"

"ရောသလား မမေးနဲ့၊ ဈေးလို့ရတာ အကုန်ရော"

"ငါ့မှန်အိမ်ဖြင့် လင်းလိုက်သမှ မီးလင်းပြီထင်ပြီး စာကလေးတွေ အိပ်တန်းထလာလို့ ညတိုင်း မောင်းမစ်နေရ"

"ဟုတ်ပါ့မလား မောင်ကာဠု"

"အံမယ်၊ ဒီထက်တောင်ပဓုတ်သေး"

❒



## အပမှီတဲ့ယောက်မ

ဆံပင်ညှပ်ဆိုင်က ကာလသားလေးတစ်စုက မိန်းမပျိုလေးတစ်ယောက်ကို ဝိုင်းနောက်တယ်။ ကောင်မလေး အိမ်ပြန်သွားတဲ့နောက် ယောက်မဖြစ်သူ ရောက်လာပြီး သိမ်းကျုံးဆဲရော။

ဆဲလို့ဝပြီး ပြန်သွားတော့ ကာလသားလေးတစ်ယောက်က မှတ်ချက်ပေးတာ ဒီလို။

"အံ့ဩစရာကြီးကွာ၊ အမေတို့၊ အစ်မတို့ လာဆဲဆိုဟုတ်သေးရဲ့၊ ခုတော့ ထန်းပင်ပေါ်က လိမ့်ကျတဲ့လူကို အပမှီ၊ မြွေအိုးကောက်တဲ့လူ အပမှီရတယ်လို့"

❒

www.burmeseclassic.com

www.burmeseclassic.com



## နတ်သုဒ္ဓါနဲ့ မင်းကွန်းခေါင်းလောင်း

မြို့နယ်ဘောလုံးဒိုင်းပွဲမှာ ကျိုးသဲဗိုလ်စွဲလာတဲ့အတွက် တစ်ရွာလုံး ပျော်မဆုံးတော့ပါဘူးတဲ့။ အလှူအိမ်မှာလည်း ဒီအကြောင်းက ရေပန်းစားနေတယ်။ အုပ်ချုပ်သူတွေကို ချီးကျူး သူတွေနဲ့ ကျောချင်းကပ်ပိုင်းမှာ ဘောလုံးသမားတွေ ရှိနေလေ တယ်။

"ဦးကြီးတို့ကသာ လူကြီးတွေ တော်တယ်ပြောတယ်၊ ကျွန်တော်တို့ ဘောသမားတွေမှာ အီးတောင်ကျယ်ကျယ် မပေါက် ရဲဘူး၊ စည်းကမ်းတင်းကျပ်လိုက်ပုံများ ဝက်ကိုကပ်နဲ့ဖိထားသလား မှတ်ရ၊ ဂစ်ဂစ်ဂစ်တောင် မအော်နိုင်ဘူး"

"ဟဲ့ ... အဲဒါကြောင့် မင်းတို့နိုင်လာတာပေါ့၊ ကောင်းစေ ချင်လို့လုပ်တာ၊ အထင်မမှားကြပါနဲ့"

"အလိုလေးဗျာ၊ ကောင်းစေချင်လို့ဆိုပြီး ကြောင်လည်ပင်း မှာ မင်းကွန်းခေါင်းလောင်းကြီး ဆွဲပေးလို့ဖြစ်မလား"

"ခက်လိုက်လေကွာ၊ နတ်သုဒ္ဓါ ကျွေးတာတောင် မစင် ခြောက်လို့ ထင်နေကြပါကလား"



## ဒုံးယိမ်း

ဘော်လီဘောပွဲ၊
ပြိုင်ပွဲတော့ မဟုတ်ပါဘူး။
လေ့ကျင့်ရင်း ကစားပွဲပေါ့။

လက်ရေတက် လူသစ်လေးတွေ အများကြီးပါတယ် ဆို ပါတော့။

အရိုက်အခုတ်တွေ မသေသပ်သလို၊ အဆို့အပိတ်လည်း လွဲချော်နေတယ်။ တစ်ခါတလေ တစ်ဖက်ရိုက်ချတဲ့ ဘောကို ပြန်ဆယ်ဖို့ နှစ်ယောက် သုံးယောက် ဆုံတိုက်မိကြပါတယ်။

ရှောင်တိမ်းလိုက်ပြန်တော့လည်း နောက်လူနဲ့ ခေါင်းချင်း ဆိုင် တိုက်မိပြန်တယ်။

"မင်းတို့ဟာက ဘာလုပ်နေကြတာတုံးကွ"

အသင်းအုပ်ချုပ်သူ တစ်ယောက်က မျက်နှာထားတင်းတင်း နဲ့မေးတယ်။ အမေးခံရသူ ကစားသမားလူငယ်တွေ မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



ငယ်လေးတွေနဲ့ ပြန်ကြည့်နေတုန်း ဒိုင်လူကြီးက ရယ်ရယ်မောမော စင်ပေါ်က လှမ်းပြောတယ်။

"ခေါင်းချင်းတိုက်တမ်း ကစားနေကြတာလေ၊ ခေါင်းအမာပြိုင်ပွဲလားမှတ်ရဗျာ"

ဒီတော့မှ အသင်းလူကြီးက . . .

"မသိပါဘူးဗျာ၊ ကျူပ်ဖြင့် ဒုံးယိမ်းများ က,နေကြတာလားလို့"

□



## မဟာဒုက္ခဘော်လီဘော

လောင်းကစားတွေ ခေတ်စားလာတဲ့အထဲ ဘော်လီဘောပွဲလည်း မလွတ်ပါဘူး။

ဘော်လီဘောသမားတွေက အားကစားစိတ်ဓာတ်နဲ့ ယှဉ်ပြိုင်နေပေမယ့် ပရိသတ်ထဲက လောင်းကစားသမားတွေက ဆူလို့ညံလို့။

ရိုက်ချက်ကောင်းလို့ အမှတ်ရရင် အော်ဟစ်အားပေးသလို၊ အခုအခံ အပိတ်အဆို့ညံ့လို့ လွဲသွားရင်လည်း လှောင်ကြ ပြောင်ကြ၊ ဆဲတောင်ဆဲလေရဲ့။

"ဟ . . . နံပါတ်သုံး ခုတ်ခုတ်၊ နံပါတ်တစ်က ရိုက်ပါလား ဟ . . . ဟာ ပင့်ထောင်ဘောက အသုံးမှမကျတာ"

သူတို့ကိုယ်သူတို့ မြန်မာ့အသံ ဦးလှဝင်းလိုလို၊ အခံမဲ့နည်းပြ၊ အခမဲ့ သတင်းကြေညာသူတွေ လုပ်တဲ့လူကမရှား။

ကြည့်လေ၊ ခြေလှမ်းမှားလို့ ရိုက်အားလျော့သွားပြီး ရင်ဘတ်နဲ့ ဘောလုံးကပ်ညပ်သွားတဲ့ ဘော်လီဘောသမားကို သိက္ခာချင်လိုက်ပုံက . . .

"အလိုလေးကွယ်၊ ဘော်လီဘောပုတ်ပါဆိုမှ မဟာဒုက်ခဲ ဖောက်လို့ သပိတ်မှောက်လာသလားမှတ်ရ"တဲ့။

□

www.burmeseclassic.com

www.burmeseclassic.com



## ဘောသမားမော်ဒယ်ဂဲလ်

ဘောလုံးပွဲမှာ တစ်ဖက်ဂိုးသမားဟာ ဆံပင်ဘုတ်သိုက်ကြီးနဲ့ ခေါင်းကြီးကိုယ်သေး၊ နံရိုးဂေါက်ဂက်နဲ့ ဖြစ်နေတာတွေ့လိုက်ရတော့ လူတောသားပါးစပ်က လွှတ်ခနဲ –

"ဟာလိုလေး ဂိုးကီပါတဲ့ဗျာ၊ အစာငတ်နေတဲ့ ငါးရှူပိန်ကိုသံပုံးထဲ ထည့်ထားသလားမှတ်ရ"

ပွဲစပြီး မကြာပါဘူး၊ တစ်ဖက်ဂိုးကို ဘောလုံးသယ်၊ ပို့သွင်းလိုက်ရာက လွဲသွားပြီး ဂိုးလွန်ဘော ဖြစ်သွားရော။

အဲဒီတင် ဂိုးသွင်းတဲ့လူကို ဝေဖန်လိုက်ပုံက –

"ဂိုးသွင်းပါဟဲ့ ဆိုခါမှ ကိုယ်ဟန်ပြအလှပြင်နေတာကိုးဟ၊ ဝင်ပါ့မလား ဒီဂိုး၊ ဒီကောင်ကိုအစက ဘောသမားထင်နေခဲ့တာ၊ ခုမှ မော်ဒယ်ဂဲလ်မှန်း သိတော့တယ်ဟေ့"

□

ဘောသမား
မော်ဒယ်ဂဲလ်..



www.burmeseclassic.com

# မင်းသားနဲ့အပြိုင်..





## မင်းသားနဲ့အပြိုင်

ရန်ကုန်မှာ ရက်ကြာရသောင်တင်နေမိတဲ့ လှတောသားကြီးဟာ ဆွေမျိုးတွေနဲ့ နာမည်ကြီးဇာတ်သဘင်တစ်ခုကို သွားကြည့်ခဲ့ပါတယ်။ နာမည်ကြီးမင်းသား ဇာတ်ဆရာဟာ အဝတ်လှန်ပြီး အပေါ်စွန့်ပုံမျိုး သရုပ်ဆောင်ပြခဲ့တာလည်း လှတောသားကြီး မမေ့နိုင်အောင်ပါပဲ။

အပြန်လမ်းမှာ သူတို့စီးလာတဲ့ တတ်စကားက ကားသမားနဲ့ ခရီးသည်တစ်ယောက် စကားများပါလေရော။ ဒရိုင်ဘာဆားမှာ အမျိုးသမီးခရီးသည်သာ တင်နေကျဖြစ်သလို အမျိုးသားက တက်ထိုင်မယ်ဆိုတော့ "မရဘူး"လို့ ငြင်းလိုက်တာက ပြဿနာ စတာပေါ့။

ဒရိုင်ဘာက မှန်တာပြောတော့ နာပြီး ရှက်ရမ်းရမ်းတဲ့အနေနဲ့ ရှန့်ရှန့်ကြမ်းကြမ်းဆဲရာက...

"ရိုင်းစိုင်းယုတ်မာလိုက်လေ ကားသမားရယ်၊ ဇာတ်စင်ပေါ်က မင်းသားနဲ့ နင်လားငါလား အပြိုင်ပါပဲလားကွယ်"

□

www.burmeseclassic.com



## ဓားပြဝင်စားသူ

ရန်ကုန်စပယ်ယာတွေဟာ ခရီးသည်တွေကို ဟောက်ဖို့နဲ့ ရိုင်းပျဖို့ လိုင်စင်ယူထားသလား အောက်မေ့ရပါတယ်။

"အပေါက်ဝ ပိတ်မထားပါနဲ့၊ အလယ်တိုးကြပါဆိုတာ နေ့တိုင်းပြောနေရတာပဲ၊ ဒီလောက်ပဲ နားလေးကြသလား၊ အလယ်တိုးဖို့များ ဘာဖြစ်လို့ ကြောက်နေရတာလဲ၊ အလယ်မှာ မြွေပွေးမရှိပါဘူး"

"အလယ်မှာကြွေးရှင် ရှိနေလို့ဟေ့"

ခရီးသည် တစ်ယောက်က အရွှန်းဖောက်ချေပလိုက်တာကို စပယ်ယာက သူ့ကိုအာခံရကောင်းလားဆိုပြီး –

"ဒါပြက်လုံးထုတ်တဲ့ ဇာတ်စင်မဟုတ်ဘူး၊ ပြက်လုံးထုတ်ချင်ရင် စကားဝါ အငြိမ့်ထဲသွားဝင်၊ ဟိုဦးထုပ်နဲ့လူက ရှေ့ကတန်းကိုင်၊ ဘေးကအဒေါ်ကြီးက အပေါ်တန်းကို မမီမကန်းနဲ့



ကိုင်မထားနဲ့လေ၊ ဘေးတန်းကိုင်ပြီး ခါးဆန့်ထား၊ လေးတန်းသွင်းလို့ရတာနော်၊ သုံးတန်းပဲ တန်းသေးတာ ကျေးဇူးတင်"

အဲ့ဒီကျေးဇူးရှင် စပယ်ယာ ကံဆိုးချင်တော့ လှတောသားတွေ ကားထဲပါလာတာပါပဲ။

"ဟာလိုလေးကွယ် စပယ်ယာရယ်၊ မာန်လိုက်ထန်လိုက်များ အိမ်ရှင်ကို ငေါက်ငမ်းကြိမ်းမောင်းနေတဲ့ ဓားပြသေလို့ဝင်စားသလားမှတ်ရ"

❐

www.burmeseclassic.com

www.burmeseclassic.com



## ကလို - က ကန်လို - ကန်

တစ်ခါကလည်း စပယ်ယာတစ်ယောက်က ပါးစပ်သရမ်းပြီး ခရီးသည်တွေကို ထေ့သလိုရိသလိုနဲ့ စော်ကားလာပါရော။

“တက်တော့ နေထက်လင်းဒီဖိုင်းနဲ့ တက်ကြ၊ ဆင်းတော့သာ ဆွမ်းခံကိုယ်တော် သပိတ်ပိုက်ဆင်းတဲ့ဒီဖိုင်း။ ဒီလောက်ပြောနေတဲ့ကြားက ဟိုအစ်ကိုကြီး အလယ်မှာ အချောင်ကြီးဗျ။ သိန်းဇော်နဲ့ မိုးဝင်း နှစ်ရုံပြိုင်ကလို့ရတယ်၊ ဘောလုံးကန်ဦးမလား သုဝဏ္ဏကွင်းထက် ကျယ်ဦးမယ်”

ဒီမှာတင် ကားထဲပါလာတဲ့ မဟုတ်မခံ လူတော်သားက အများကိုယ်စား ဝင်ပြောပါလေရော။

“ဟလိုလေး... ဇာတ်နှစ်ဇာတ် ကနိုင်တဲ့အပြင် ဘောလုံးကွင်းတောင် ဆောက်ပေးလိုက်တဲ့ ဘတ်စကားစပယ်ယာရယ်၊ မင်းကားလည်း မင်းပြန်ကြည့်ပါဦး၊ မီးခြစ်ဆံအချောင်း ၄၀ ပဲဆံ့တဲ့ မီးခြစ်ဘူးလေးလောက်ဟာများ၊ ကြီးကြီးကျယ်ကျယ်လုပ်လို့၊ ဂိတ်စဂိတ်ဆုံး မုသာဝါဒတွေ ပြောနေလိုက်လေ၊ အစီစီအိုး ချိုးကပ်နေရာက ဂေါ်နဲ့ ကော်ထုတ်လို့တောင် ရမှာမဟုတ်ဘူး၊ သနားလိုက်ပကွယ်”

□



## ရန်ကုန်သားတွေ လိမ္မာတယ်

စပယ်ယာတွေ ညစ်ဇာပေး အနိုင်ကျင့်သမျှ ခရီးသည်တွေက ငြိမ်ခံနေကြတာဟာ အဖက်မတန်လို့တစ်ကြောင်း၊ ပြဿနာ မဖြစ်ချင်လို့တစ်ကြောင်း၊ အကြောင်းကြောင်းကြောင့်ပဲဖြစ်ပါတယ်။

ဒီအချက်ကို လူတော်သားတစ်ယောက်က မသိလို့လား၊ သိသိကြီးနဲ့ပဲ အရွှန်းဖောက်ပြောတာလား မဆိုနိုင်ပါဘူး။

ခုလို မှတ်ချက်ချလိုက်ပါတယ်။

“ရန်ကုန်သူ ရန်ကုန်သားများ ယဉ်ကျေးလိမ္မာလိုက်ပုံကဖြင့် အံ့တစ်ပါးပါပဲ။ မိဘစံကားသာ နားမထောင်ဘဲ ရှိရမယ်၊ စပယ်ယာစကားကျတော့ မြေဝယ်မကျပါကလား ဟရို့၊ တိုးဆိုတိုး ကုန်းဆိုကုန်း၊ ဖင်ချင်း အပေါက်ခိုင်းတာလည်း မငြင်းစတမ်း၊ အခုတော့... အရင်ဘဝက ငါးပိငါးချဉ်တွေ သိပ်ခဲ့တဲ့ ငါးပိ ဆယ်တွေဖြစ်ပြီး ဝဋ်ကြွေးပြန်ဆပ်ရတာထင်ပါရဲ့”

www.burmeseclassic.com

www.burmeseclassic.com



ဒီတွင် အဖော်ပါလာတဲ့ လှတောသားက နှမ်းဖြူးလိုက်ပြန်ရော။

"ငါးပိသည်ထက် ဆိုးတာပေါ့ကွဲ့၊ ငါးသေတ္တာ စည်သွတ်ဘူးထဲ ထည့်ခဲ့တဲ့လူတွေဖြစ်မှာ"တဲ့။

ခရီးသည်တွေကတော့ စိတ်မဆိုးပါဘူး။

သူတို့ပြောတဲ့ အဓိပ္ပာယ်က စပယ်ယာကို ဆောင်းချိတ်ရာရောက်သလို၊ လူစင်စစ် ငါးတိရစ္ဆာန်ဖြစ်အောင် နှိပ်ကွပ်ထည့်လိုက်တာကို သဘောပေါက်လိုက်ကြသကိုး။

❒



## သိကြားမင်းကတော်

ဒီနေ့တော့ လှတောသူတွေ ကံကောင်းတယ် ဆိုရမယ်။ ရုပ်ရှင်မင်းသမီးတစ်ယောက် ရွာဘိုအပြန် သူတို့ရွာကားဂိတ်မှာ ဝင်နားသွားတယ်။

မင်းသမီးကားဘေးမှာ လူပ်လှုပ်ရှရှနဲ့လူတွေအုံလို့။ အထူးသဖြင့် ကလေးတွေနဲ့ မိန်းမငယ်တွေပေါ့။ တချို့များ သတင်းကြားနဲ့ အူယားဖားယား ပြေးလာတာတောင်ရှိသေး။

ကားလေးပြန်ထွက်သွားတော့မှ –

"အံမယ် ငါ့ကို ပြုံးပြသွားတယ်အေ့၊ သွားလေးတွေမှ ဆွေးလို့"

မိန်းကလေးတွေက ပြောမဆုံးပေါင် တောသုံးတောင်ဖြစ်ကျွန်ခဲ့တာကလား။

ယောက်ျားတွေကတော့ –

"အရေးပါနေလိုက်ကြတာကွာ၊ သိကြားမင်းကတော်အဒိတာဆင်းလာတာ ကျနေတာပဲ"

မင်းသမီးဆိုပြီး ငယ်ငယ်ရွယ်ရွယ် လှတပတလေး မှတ်ပေါ့ – ဟာလိုလေး အိုချက်မင်းချက်ကတော့ ဘူးသီးသာဆို အဆန်ယောက်ဂလောက် မြည်နေလောက်ပါပြီလားကွယ်တို့"

❒

www.burmeseclassic.com

www.burmeseclassic.com



## ဘာဂျာမှုတ်တဲ့အရာရှိ

ပခန်းသို့ မြို့ကြီးက အရာရှိတစ်ယောက် လာပါတယ်။ ရယ်စရာမောစရာတွေ တစ်လှေကြီးပြောပြီး ရွာကသည့်ခံကျွေးမွေး သမျှ ပလုတ်ပလောင်း စားသွားတာကလား။

တစ်ခါတော့ ရွာက အကူအညီလိုလို့ မြို့တက်ပြီး အဲ့ဒီ အရာရှိဆီ သွားတောင်းတာ အဆင်မပြေခဲ့ဘူးတဲ့။ ကိုယ်စားလှယ် ပြန်လာရာက ပြောပုံက –

"အလကားပါကွာ၊ ရွာလာတုန်းကတော့ ရွှန်းရွှန်းဝေလို့ အဖေအရင်းထက်တောင် အားကိုးစရာကောင်းသေး၊ တကယ် လည်း သူ့ရုံးရောက်သွားရော ဖင်လှည့်ခေါင်းလှည့် မအားသလို ယားသလိုနဲ့ ခေါင်းရှောင်တော့တာပဲ"

"ဟင်း ... တို့ရွာလာတုန်းကကျွေးတဲ့ ပြောင်းဖူးပြုတ် စားတဲ့မျက်ခွက်များ မြင်ယောင်သေး၊ အငမ်းမရ စားလိုက် ရှာလေ... ဘာဂျာမှုတ်နေသလားမှတ်ရ၊ ပါးစပ်တောင် မသုတ် အားဘူး၊ တကယ့်ကောင်"

❒



## ဘောလုံးအက

အငြိမ့်ကြည့် ပြန်လာတဲ့ လှတောသားတစ်ယောက်ဟာ မအီမလည်ကြီး ဖြစ်နေပါသတဲ့။

ဘယ့်နှယ် ... အငြိမ့်ခန်းပြီးတဲ့နောက် မင်းသမီးက မင်းသားလုပ်ပြီး နှစ်ပါးခွင်ထွက်ခဲ့တဲ့အတွက်ပါပဲ။

မင်းသမီးက ဝဝပုပု၊ အသားညိုညိုနဲ့ အက ကလည်း သိပ်မကောင်းတော့ မျက်စိနောက်ရုံ အဖတ်တင်ခဲ့ရတာကိုး။

"ဟာလိုလေးလေး ပဒေသာကပွဲဆိုလို့ ကြည့်ပါတယ်၊ ဘောလုံးက ခေါင်းပေါင်းပေါင်းပြီး ဇာတ်ခုံပေါ်တက်ကတာကိုး၊ ကြည့်ကောင်းရောလားလို့"

❒

www.burmeseclassic.com

www.burmeseclassic.com



## လင်မျှားတဲ့ငါး

အိမ်တစ်အိမ်မှာ အမြည်းစုံသလောက် လူစုံနေပါတယ်။ ကောက်ညှင်းပေါင်း၊ မြေပဲကြော်၊ ငှက်ပျောကြော်၊ တခြားမုန့်တွေလည်းပါသေး။

ဒီလက်ဖက်ရည်ကြမ်းဝိုင်းကို လူတစ်ယောက်က နောက်ကျပြီး ရောက်လာပါတယ်။

"အစား နောက်ကျလှချည်လား ငါ့လူရာ ... ဒီမှာကဲ ကဲ အစားအသောက်တွေတော့ အစုံပဲ၊ ကြိုက်ရာသုံးဆောင်"

"တော်ပါပြီကွာ၊ အိမ်မှာစားလာပါတယ်၊ အစားများလာတဲ့အထဲ ထပ်စားရရင် လူလည်း ငါးစည်ပွလင်ယျှမှားလို့ လင်မျှားသလို ဖောင်းကားနေရှောမယ်"

□



## နွားအစားထိုးလှူ

ယာခင်းအလယ်မှာ ထင်းလှည်းနစ်နေပါသတဲ့။ လှည်းသမားက နွားကို ရိုက်ပြီး အတင်းရုန်းခိုင်းပေမယ့် လှည်းကဘီးမလိမ့်။

သွားရင်းလာရင်းတွေ့တဲ့ ရွာသားတွေက နှာခေါင်းရှုံ့ကြပြီး ...

"ဒီဗွက်မှ မရုန်းနိုင်လည်း နွားလုပ်မနေပါနဲ့တော့"

"နွားနှယ် ညံ့ရန်ကော၊ လျှော်တွဲပစ်ဖို့သာ ကောင်းတော့"

လှည်းကို ကူတွန်းရမယ့်အစား သေးက လက်ပိုက်ပြောနေကြတာပေါ့။

"အလကားနွားပါကွာ၊ ဒီဗွက်လောက်များ လူတောင်ရုန်းနိုင်သေးဟေ့"

ဒီတွင် လှည်းသမားလည်း အကွက်ဝင်ပြီးဆိုပြီး –

"အေးလေကွာ၊ ငါကိုကမှားတာပါ၊ နောက်ကို ယာထွန်ဖို့ လှည်းတပ်ဖို့ နွားမဝယ်တော့ဘူး။ မင်းတို့ပဲ အားကိုးတကြီးနဲ့ ယာထွန်တော့မယ်"

ဒီတော့မှ သေးထိုင်ဘုပြောတွေ ပါးစပ်ပိတ်သွားပြီး လှည်းကို ဝိုင်းတွန်းပေးကြရောတဲ့။

□

www.burmeseclassic.com

www.burmeseclassic.com



## မုန်းချောင်းရေ မခန်းသမျှတော့

ရောဝတီမြစ်ထဲကို မုန်းချောင်းထဲက ထွက်လာတဲ့ မော်တော်လေးထဲမှာ ကုန်စိမ်းသည် အမျိုးသမီးတွေ၊ ကုန်သည်ပွဲစား၊ လယ်သမား ချောင်းသမား လူပေါင်းစုံပါလာတယ်။ ဒီအထဲမှာ နာမည်ကြီးအရက်သမားကြီးလည်း ပါလာရဲ့။

"ဘယ့်နှယ် မိုင်ပုံတော်ထူးတော့ ရေချိန်ကိုက်မမူးရသေးဘူးထင်ပါရဲ့"

အသံကြားလို့ လှည့်ကြည့်လိုက်တော့ ရင်းနှီးတဲ့ ကုန်စိမ်းသည် အမျိုးသမီး။

"ခေါ်တာတောင် မကြားရအောင် ဘာတွေများ ပေးနေတာလဲလို့"

"ဩော် ... မုန်းချောင်းထဲက ရေတွေကို နှမြောလို့ကြည့်နေတာ"

"ဘာရှင့်"



ဖိုးသမားကြီး သွားတွေအဖွေးသားပေါ်အောင် ပြုံးလိုက်တယ်။ ပြီးတော့ ...

"မုန်းချောင်းထဲက ရေတွေသာ အရက်တွေဖြစ်လိုက်ရင် ဘယ်လောက် ကောင်းမလဲဟာ၊ ချောင်းကနေ ငုပ်လိုက်ပေါ်လိုက်နဲ့ တစ်နေကုန်သောက်နေရရင် ဇိမ်ပဲလို့ တွေးနေတာဟေ့"တဲ့။

"နေ့ရှိသမျှ ဒီအရေအကြောင်းပဲ စဉ်းစားနေသကိုး၊ သေ သေတော့မယ် သောက်လို့ပဲမဝနိုင်ကြဘူး"

❐

www.burmeseclassic.com

www.burmeseclassic.com



## သူ့မျက်နှာ ပပဝင်း

ရှေးခေတ်တစ်ခါက ရာဇဝတ်အုပ်တစ်ယောက် နယ်လှည့်ရင်း လှတော်ရွာကိုရောက်လာပါတယ်။ သူကြီးနဲ့ ရွာလူကြီးတွေက ပျာနေတာပေါ့။ ရွာသားတချို့ကလည်း ကွင်းဆင်းအကဲခတ်ကြည့်ကြသတဲ့။

မျက်နှာကခွက်ခွက်၊ မျက်စိကစွေစွေ၊ နဖူးကမောက်မောက်၊ မေးကချွန် ချွန်းဆိုတော့ ...

"အလိုဗျာ ရာဇဝတ်အုပ်ရဲ့ ရုပကာကို ကဗျာဖွဲ့စရာစကားလုံးရှာရင်း နတ်သျှင်နောင် ရှူးသွားလောက်သကွ"


"ရာဇဝတ်အုပ်ဆိုတော့ တူတူတန်တန်ဖြစ်မယ် မှတ်တယ်၊ ဟလိုလေးလေး ... မျက်နှာကိုက တာယာဖိနပ်ကို သည်းကြိုးတင်းထားတဲ့အတိုင်း ကော့လိန်နေတာပါကလား ဟရို့"

❐




www.burmeseclassic.com

www.burmeseclassic.com






## တိုင်ပတ်ပြေးမယ်

ရွှေဘိုရောက်ဦးလေးတော်ကို မြို့ခံဖြစ်တဲ့တူက ဘူးဘီယာ တိုက်တယ်။

"မင်းဘီယာ ငါအာတောင်မစိုဘူးဟ၊ တိုင်ဖက်ပြီး ဝိုင်းကြီး ပတ်ပတ် လှည့်ရမယ်ထင်ပ[?]"

ဒီအကြောင်းကို ဆွေမျိုးတွေ ပြန်ပြောတော့ တူကို ဝိုင်း အပြစ်တင်ကြသတဲ့။

"မင်းနှယ် မင့်ဦးတော် ဘီယာတိုက်ရတယ်လို့၊ နာဠာဂီရိ ဆင်ကို စပတ်ကလင်သွားတိုက်သလို ဖြစ်တော့မှာပေါ့ဟ"

❐

www.burmeseclassic.com

www.burmeseclassic.com



## သုံးဗွန်းတစ်ပွဲ

ဝက်လက်ရောက် လှတောသားနှစ်ယောက် အဆာပြေ မုန့်ဟင်းခါးစားဖို့ တိုင်ပင်ကြပါတယ်။

"အဲဒီဆိုင်တော့ မစားပါနဲ့ကွာ၊ ငါတစ်ခါစားဖူးတာ တစ်ပွဲငါးဆယ်ပေးရတဲ့ မုန့်တစ်ပွဲဟာ သုံးဇွန်းပဲ ကော်လိုက်ရ တယ်၊ ကုန်ရော ..."

"သုံးဇွန်းဆိုတော့ မင်းဇွန်းက ယောက်ချိုလောက်ကြီး သလားမှ မသိတာ"

"မဟုတ်လိုက်လေ ငါ့လူရာ၊ နားဖာကလော်တံနဲ့ ကော်တာ တော့င် အပြည့်ကော်တာ မဟုတ်ရပါဘူး"

❒



## တိုးလိုးတွဲလောင်း တန်းလန်းကြီး

မုန့်ဟင်းခါးဆိုင်နှင့် တွဲဖွင့်ထားတဲ့ ကုန်စုံဆိုင်ကို လှတော သူတစ်ယောက် သန်ချဆေးလာမေးပါသတဲ့။

"ညီမမေးတဲ့ တံဆိပ်တော့ မရှိဘူးအေ့၊ မျက်မှန်တံဆိပ်ပဲ ရှိတယ်"

"မျက်မှန်တံဆိပ်ကတော့ ကောင်းရဲ့လားအစ်မ ..."

ဟာလိုလေးကွယ်၊ ကောင်းမကောင်းတော့ မေးမနေနဲ့၊ တစ်ခါတိုက်ထားလိုက်ရင် ရှိသမျှသန် မုန့်တီညှစ်နေသလို တိုးလိုးတွဲလောင်းနဲ့ တန်းလန်းကြီးကျမဆုံးပဲ"

❒

www.burmeseclassic.com

www.burmeseclassic.com



## မနုဿသီဟလင်

စိတ်ကြီးတဲ့လင်က မယားနဲ့ ရန်ဖြစ်ပြီး သုံးလေးရက်ကြာတဲ့အထိ စကားမပြောဘူး။

သတင်းကြားတဲ့ ယောက္ခမကြီးက ကြားဝင်ဖျန်ဖြေဖို့ သမီးအိမ်ကိုသွားတယ်။ သမက်ပုံစံကိုကြည့်ပြီး တပ်လန့်ပြန်ခဲ့ရာက အိမ်သားတွေကို ပြန်ပြောပုံက –

"ဟလိုလေး ဖျောင်းဖျဖို့ နေနေသာသာ အနားတောင်မသီရဲဘူး၊ အိမ်ရှေ့က ခုတင်ကြီးပေါ်မှာ ငုတ်တုတ်ထိုင်နေလိုက်တာ ဘုရားရှေ့က မနုဿသီဟကြီးလား မှတ်ရတယ်ကွယ်"

❒



## အထီးအမ ခွဲခြားပုံ

အခမဲ့ ရုပ်ရှင်ပွဲကို ကလေးတွေတစ်ပြုံကြီးနှင့် မိန်းမတစ်ယောက် လာအကြည့်၊ လမ်းမှာ အသိလူတောသားကြီးနဲ့ တွေ့ရော။

"ညည်းအင်အား ဒါအကုန်ပဲလား၊ အထီးဘယ်နှယောက် အမဘယ်နှယောက်လဲ"

"အခုပါလာတာ ငါးယောက်တည်းပါ ဦးလေးရဲ့၊ အိမ်မှာ ကျန်ခဲ့သေးတယ်၊ အားလုံးပေါင်း အထီးခုနစ်ယောက် အမသုံးယောက်"

" ဟာ.... ဒါဆိုရင် သားရှင်ပြုလို့ ရပြီဟေ့၊ ဒါပေမဲ့ ချုပ်စစ်မီးတွန်းလို့တော့ လင်းမှာ မဟုတ်ဘူးကွ၊ အဖိုခာတ်က များနေကလား၊ ရေနံဆီဖြုန်း, ဖယောင်းတိုင်ဖြုန်းတွေပဲ"

❒

www.burmeseclassic.com

www.burmeseclassic.com



## နတ်မျက်စိပုလင်းကွဲ

ညနေမိုးချုပ်စ ကားပြတ်နေတဲ့အချိန် ကားတစ်စီးလာပါတယ်။ ခရီးသည်တချို့က ကားစောင့်နေတဲ့ အဘိုးကြီးတစ်ယောက်ကို ပြောလိုက်ပါတယ်။

"အဘ အဲဒီကား ဝက်လက်ရောက်လိမ့်မယ်၊ သူများတွေ အပြေးအလွှားတက်ကုန်ပြီ"

ဒါပေမဲ့ အဘိုးကြီးက ခေါင်းခါငြင်းသတဲ့။

"လူတွေရဲ့ ခေါင်းပေါ်မှာ ထဘီကြီးမိုးလာတဲ့ကားတော့ မစီးပါရစေနဲ့ကွာ"

"ထဘီမဟုတ်ပါဘူး အဘရဲ့၊ ပလတ်စတစ်မိုးအနီစင်းနဲ့ အစိမ်းစင်းပါ... အနားသွားကြည့်စမ်းပါဦး"

ခရီးသည်တစ်ဦးက ကားပေါ်အရောက် လိုက်ပို့ပေးတဲ့ အဆုံးကျမှ...

"အေးဟဲ့၊ လူသာအသက်ကြီးလို့ သုံးမရတော့သလား မှတ်တယ်၊ မျက်စိကလည်း အသုံးမကျပုံများ ပုလင်းကွဲလား မှတ်ရ"



## လမ်းကြိတ်တဲ့လက်ဖွဲ့

လှတော–ဝက်လက် ကားလမ်းပြင်ဖို့ ကျောက်ခဲတွေချ ကျောက်ခင်းတော့ လူတွေဝမ်းသာမဆုံးပေါ့။

ခင်းထားတဲ့ ကျောက်ခဲတွေကို ကြိတ်ပြီး လမ်းချောဖို့ လမ်းကြိတ်စက်ကြီးတွေ လာဦးမယ်ဆိုတော့ မျှော်ကြရသပြန်သည်။

ဒါပေမဲ့ ... တကယ်တမ်း ရောက်လာတာက သံဒလိမ့်တုံး။

ဒီတွင် လှတောသားပါးစပ်နှင့် တွေ့ပါပြီ။

"ဟာလိုလေးဟဲ့... လမ်းကြိတ်စက်၊ လမ်းကြိတ်စက်နဲ့ ညည်ကြီးနေလိုက်တာ၊ ရောက်လာတော့ လက်ဖွဲ့လုံးလေးလောက်သာ ရှိပါကလား၊ ဒီဒလိမ့်တုံးလေးနဲ့တော့ ကလေးတွေ ချထားတဲ့ ဆီးစေ့တောင် ကျော်နိုင်ပါ့မလား ကွယ်ရို့"

❒

www.burmeseclassic.com

www.burmeseclassic.com



## လကမ္ဘာဒူးရင်းသီး

လှတော – ဝက်လက် လမ်းကြမ်းပုံကို တစ်ယောက်တစ်မျိုး တင်စားကြရာမှာ ရောမချိုင့်ကြီးထဲကို ဖြတ်ချိန် လှတောခရီး သည် လူငယ်တစ်ယောက်က မှုသစ်နဲ့ ထအော်လိုက်ပါတယ်။

"ဟလိုလေး လမ်းရယ်၊ ကြမ်းရှာလိုက်လေ၊ လကမ္ဘာ ရောက်နေတယ်မှတ်လို့၊ လက်စသပ်တော့ ဒူးရင်းသီးပေါ်တက် မောင်းနေတာကိုးကွ"

□



## အမြှာညီနောင်လမ်း

ရန်ကုန်ရောက် လှတောသား သားအဖ အဝေးပြေးဂိတ်မှာ ဘဏ္ဍစီငှားပါလေရော။

"သာကေတကို ဘယ်လောက်လဲ"

"သုံးထောင် ..."

"ဘုရား ဘုရား၊ ရန်ကုန် – မန္တလေး ရထားခတောင် သောက်မကျပါလား"

"ရထားက ဆီရတယ်အဘရဲ၊ ကျွန်တော်တို့က အောက် ဆီဆီ၊ အလုပ်မရှိလို့သာ ဆွဲနေရတာ၊ မကိုက်လှပါဘူးဗျာ"

"ဒီအခန်းသာ ရုပ်ရှင်ရိုက်ရရင် ကားဆရာတော့ အမျိုးသား ဆုရဲ့ သေချာသဗျာ"

လှတောသား အငယ်က ပင့်တွန်းလေးတွန်းလိုက်တယ်။

"နှစ်ထောင်ထားကွာ"

"ရန်ကုန်မြို့ထဲတောင် နှစ်ထောင့်ငါးရာ၊ သုံးထောင်ယူ ... အဘရာ ... လမ်းတွေက ပျက်ပျက်ချင်း မပြင်တော့

www.burmeseclassic.com



ဇလီဖာတုံးပေါ်မောင်းရသလိုပဲ ကားသိပ်နာတာ”

“ဒါထက် ရန်ကုန်လမ်းတွေ နိုင်လွန်ခင်းထားတာ ကော်ဇောထ[illegible]တောင် ကောင်းဆိုကွ”

“အဲ့ဒါက လမ်းမကြီးတွေပါ သူငယ်ချင်းရယ်။ အများအား ဖြင့်တော့ ထူးမခြားနားပါပဲ၊ ဟိုတစ်နေ့က ဘီ ၃၆ဝ လေးဘီးတစ် စီး မြောက်ဥက္ကလာအပြန်မှာ ကားကိုတစ်စစီကောက်ပြီး လက် တွန်းလှည်းနဲ့ တွန်းသွားရသတဲ့”

“ဒါဆို ... တို့အူအသည်းကလီစာတွေ အမှုန့်ဖြစ်ဖို့ ကျိန်း သေသွားပြီပေါ့ ...”

“တက်သာတက်ပါအဘ၊ ကျွန်တော်လမ်းအကောင်းဆုံး ကို ရွေးမောင်းပေးမယ်၊ နှစ်ထောင့်ငါးရာပဲပေး”

သားအဖနှစ်ယောက် ကားပေါ်ရောက်သွားပါပြီ။

အကောင်းဆုံးဆိုတဲ့ လမ်းတောင် ကားထဲကလူတွေကျွမ်း ထိုးလိုက်ရသလိုပဲမို့ အဖေလှတောသားက ...

“ဟာလူရာ... မင်းလမ်းတွေ ကောင်းချက်က ပုခက်ထဲက ပင်လယ်လှိုင်း စီးနေရသလိုပါပဲလားကွဲ့”

“ဟုတ်ပါ့ဗျာ ... လူကိုမသောက်ဘဲနဲ့ ချာရပတ်မူးနေ တာကလား၊ ကျုပ်တို့ ဝက်လက်လမ်းနဲ့ အမြွှာညီအစ်ကို တော် တယ်ထင်ရ”

□



## သမ္မာနဲ့ ကမ္မာ

တစ်ရွာတည်းသားတွေပါ။ ဟိုဘက် ဒီဘက် လူခွဲပြီး ဘောကစားကြတယ်။

သူ့ဘက်ကိုယ့်ဘက် ဖြစ်သွားရာက အထေ့အငေါ့လေး တွေ ပါလာတော့တာပဲပေါ့။

“ဖိုးထောင်ကဖြင့်ကွာ၊ ဘော်လီဘောပုတ်ပါဆို နတ်ပင့် နေသလားမှတ်ရ”

ဒီတော့ တစ်ဖက်ကလည်း ပြန်ချေတယ်။

“ဟော့ကောင်တွေ၊ သူက ဘိုးတော်အဒ္ဓနမင်း သဏ္ဍာရာဇ် မြို့ခင်ကတည်းက ဘော်လီဘောပုတ်လာတာကွ”

အဲ... တစ်ဖက်ကလည်း ဘယ်အကျောခံမလဲ။

“ဒီလို ပြောစတမ်းဆိုရင် မင်းတို့ကောင် ဖျောက်ဆိတ်က ဗြဟ္မာကြီးလေးယောက် တစ်ဖက်နှစ်ယောက်စီခွဲပြီး ကစားတုန်း က ဒိုင်လူကြီးလုပ်လာထင်ပါ့” တဲ့။

□

www.burmeseclassic.com

www.burmeseclassic.com



## ဂေါက်

ဂေါက်ရိုက်တာ မမြင်ဖူးတဲ့ လှတောသားတစ်စု ဂေါက်ကွင်းနားရောက်သွားပါတယ်။

"ဟလိုလေး... ဂေါက်တံအိတ်ကြီးတွေနှယ် ကြီးလိုက်လေ၊ ခုနစ်နှစ်စာနပ်ရိက္ခာနဲ့ ရှူး ဆောက် လေးမြားတွေ အစုံထည့်ထားတဲ့ သောနုတ္တရမုဆိုးရဲ့ လွယ်အိတ်ကြီးလားမှတ်ရ"

တစ်ယောက်က စလိုက်ရာက နောက်တစ်ယောက်ကလည်း...

"လွှဲလွှဲပြီး ရိုက်နေလိုက်တာလေ... ဒီလိုအားကောင်းမောင်းသန်မျိုးနဲ့ ဝါးတောတက် ဝါးခုတ်ရရင် ဝါးရုံတစ်ရုံကို တစ်ချက်ပဲ ခုတ်ရုံပေါ့၊ ဂေါက်သမားတွေသာ ဝါးခုတ်စားရင် သူဌေးဖြစ်လောက်ကဲ့"

□



## ဝီပါဘော

အဝါသင်းနှင့် အပြာအသင်း အကြိုဗိုလ်လုပွဲ။

ပရိသတ်တွေက ရှာလုံးကျွတ် ကွင်းလုံးပြည့်။

ဘတစ်ပြန် ကျားတစ်ပြန် ကစားနေကြရာမှ ပထမပိုင်းပြီးခါနီး အဝါအသင်းရှေ့တန်းလူက အပြာအသင်းဂိုးရှေ့သို့ ဘောလုံးပို့ပေးလိုက်ပါတယ်။

အဝါတိုက်စစ်မှူးက ပြေးလာပြီး အပိုင်ကျုံးကန်ထည့်လိုက်ရာက "ဟာ" ခနဲအသံကြီး တစ်ကွင်းလုံး လွှမ်းသွားတော့ဘာကလား။

ဘောလုံးတစ်လုံးလုံးကို လွဲသွားရုံမက တိုက်စစ်မှူးကြီးကိုယ်တိုင် ဖင်ထိုင်လျက် လဲသွားလို့ပါပဲ။

ဒီတွင်... ပရိသတ် တစ်ယောက်က ထအော်ပါလေရော။

"သောက်စစ်မှူးရေ... ရေခြောက်ထမ်းဝင်တဲ့ ဝီပါကြီးပေးတာတောင် ထိအောင်ကန်နိုင်ပါ့မလားကွ"တဲ့။

□

www.burmeseclassic.com

www.burmeseclassic.com



## ဖုတ်လှိုက်ဖုတ်လှိုက်

မဲကုန်းနှင့် ကျီးကန် အပြိုင်ကစားကြပါတယ်။

ထုံးစံအတိုင်း လှတော့သားတွေလည်း သွားအားပေးကြ တာပေါ့။

အသင်းနှစ်ဖက်စလုံးက အမောမစဲ့ သက်လုံမကောင်း တာ ခဏချင်းမှာပဲ ပါးစပ်တွေ ဟစိဟစိနဲ့ ဟိုက်နေကြပါပြီ။

"အလိုလေးကွယ် ဘောသမားတဲ့၊ ရောဂါရနေတဲ့မြင်း ဆယ်မိုင်ခရီးကို ကုန်အပြည့်၊ လူအပြည့်တင်ပြီး မရပ်မနား ပြေးလာရလို့ ဖုတ်လှိုက်ဖုတ်လှိုက် ဖြစ်နေတဲ့အတိုင်း... စိတ်မ ချမ်းသာလိုက်လေ"

"သူတို့ပေါ့ကွ၊ ကမ္ဘာ့အိုလံပစ်မှာ မာရသွန်အပြေးပြိုင်ပွဲ ဝင်မယ်ဆိုပြီး စာရင်းသွင်းထားတာ"

□




www.burmeseclassic.com

www.burmeseclassic.com






## ပျောက်ဆုံးနေသော မေတ္တာစာ

ကျီးကန်သားတစ်စု ရွှေဘိုသွားမလို့ ဘတ်စ်ကားပေါ် တက်လိုက်ကြတယ်။ ကားကမထွက်သေးတော့ ဝင်ထိုင်စောင့်ရင်း ကားပတ်လည်ကစာတွေကို လိုက်ဖတ်ကြည့်တယ်။

ထသွားပြန်ကြည့်
ကျန်ရှိပစ္စည်းတာဝန်မယူ
တားမြစ်ကုန်လက်မခံ
ခေါင်းမပြူရ၊ လက်မထုတ်ရ
ကွမ်းတံတွေးမထွေးရ
နှပ်မညှစ်ရ
ရောက်မည့်အချိန် မမေးပါနဲ့။

ကျီးကန်သားက စာအားလုံးကုန်အောင်ဖတ်ပြီးသူ့အဖော်တွေကို ပြောလိုက်ပါရော။

"ငါ့လူတို့ တိမ်မြုပ်နေတဲ့ ကျီးကန်ရှင်ကြီးရဲ့ မေတ္တာစာတွေ ခုမှပြန်တွေ့ရတယ်ဟေ့၊ တွေ့တုန်းတွေ့ခါ ရအောင်ကူးထားကြနော"

၇

www.burmeseclassic.com

www.burmeseclassic.com



## အမိန့်တွေစုံလို့

ဘတ်စ်ကားပေါ်ကို လှတောသားတစ်စု တက်ထိုင်လိုက်ရာက ဟိုကြည့်ဒီကြည့် လုပ်တယ်လေ။

ယာဉ်မောင်းဘေးမှာ စာရေးထားတာတွေ့တယ်။

"ဆီ၊ ရေ၊ လေ၊ ဗိုင် သတိပြု"

ဒရိုင်ဘာခန်း ကျောဘက်နံရံအထက်မှာ ရေးထားတာကတော့ ... "ဘယ်အချိန်ရောက်မလဲ မေးမြန်းခြင်းသည်းခံပါ"

အတက်အဆင်းပေါက်မှာလည်း

"ခေါင်းငုံ့ဆင်းပါတဲ့"

ကားအိမ်အတွင်းနံရံတွေမှာတော့

"ခေါင်းမပြူ လက်မထုတ်၊ ကွမ်းတံတွေး မထွေးရ"

"ဆေးလိပ်မသောက်ရ"

"ဆင်းမည့်နေရာကြိုပြော"



"ထသွားပြန်ကြည့် ကျန်ရှိပစ္စည်း တာဝန်မယူ"

"ခါးပိုက်နှိုက်သတိထား"

ရှိသမျှစာတွေကို အပင်ပန်းခံ အသံထွက်ဖတ်နေတဲ့ လှတောသားလူငယ် ... သူ့အင်္ကျီအိတ်ကို ဖိစမ်းလိုက်ရာက –

"အလိုလေး ... ကားဆရာရယ် ... အမိန့်ပေးစာတွေက ကားတစ်စီးလုံးကို အမှိုက်ပုံးကျနေပါလား၊ ဒီစာတွေသာ ကုန်အောင် လိုက်ဖတ်ရရင် မန္တလေးရောက်တောင် ဆုံးပါ့မလား"

□

www.burmeseclassic.com

www.burmeseclassic.com



## ရေဝေး ဘယ်ပြေးမလဲ

သိမ်ကြီးဈေးတစ်ဝိုက်...လူတွေစည်ကားနေချိန်၊ လူကူးမီးပွိုင့် စိမ်းသွား၍ လူတွေကူးတုန်း ရှုပ်ယှက်ခတ်နေတဲ့ ကားတွေကြားမှာ နှစ်ယောက်စီးဆိုင်ကယ်တစ်စီး အတင်းတိုးဝင်လာပါလေရော။

လူတွေက ပွတ်ရုံလေး ရှောင်ပေးလိုက်ပေမယ့် ကားတစ်စီးနဲ့ ဝင်ဆောင့်မလို ဖြစ်သွားပါတယ်။

ကားသမားက...

"မင်းတို့ကိုမင်းတို့ ဂျိမ်းစဘွန်းမှတ်နေလို့လား၊ ဟိုကရုပ်ရှင်ထဲမှာကွ၊ အပြင်မှာတော့ နှစ်လောင်းပြိုင်သွားမယ်"

တစ်ဆက်တည်းမှာ ကားလမ်းဖြတ်ရင်း ကြုံလိုက်ရတဲ့ ခရီးသွားတစ်ဦးကလည်း...

"ဖြည်းဖြည်းပေါ့ ဆိုင်ကယ်သူငယ်ချင်းတို့ရာ၊ ရေဝေး ဘယ်မှထွက်မပြေးပါဘူးကွာ"

(ရေဝေး* = ရေဝေးသုသာန်)

❐



## စာခြောက်ရုပ် မလှုပ်ရဲ

လှတောရွာ အလည်လာတဲ့ ရန်ကုန်သား...

ပြန်မည့်ရက်နီးလာရာက ကားဂိတ်ကို လာစုံစမ်းပါသတဲ့။

"ကားမရမှာများ ဘာမှမပူနဲ့၊ မနက်လင်းတာနဲ့ ရွှေဘိုကားတွေ တရဟောထွက်လာမှာ၊ နွားအုပ်ကြီးခြံထဲက ရိုက်ထုတ်လိုက်သလားမှတ်ရ"

"လှတောကတက်လို့ နေရာရပါ့မလား"

"ဟာလိုလေး ပူစရာမရှိ ပူရန်ကောဗျာ"

"ကားတွေကများသလောက် ခရီးသည်က နည်းနေတာမို့ လူပြီးတင်နေကြရတာ၊ ကားမောင်းရင် မျက်စိက ကျိုးကန်းသောင်းမှောက် ကြည့်လာရတဲ့အထိပဲ၊ လယ်ကွင်းထဲက စာခြောက်ရုပ်လေးတိုက်လို့ လှုပ်တာတောင် သူတို့က ကားတားတယ်ထင်ပြီး ရပ်ရပ်ပေးနေကြလို့ စာခြောက်ရုပ်တွေတောင် သိမ်းထားလိုက်ရပြီ"

❐

www.burmeseclassic.com



## ကားမှင်စာ

သုံးဘီးကားလေးတွေ ခေတ်ထစဉ်က ကားကြီးတွေကို ကျော်တက်၊ ပတ်ကွေ့နှင့် အတော်လေး အစွမ်းပြခဲ့တာလား

တစ်နေ့တော့ ကုန်တင်ကားကြီး တစ်စင်းကို ပတ်ကွေ့ လိုက်ရာက ဒရိုင်ဘာ ဒေါ်ပွသွားသလို–

"နေ့မစေ့ လမစေ့ဘဲမွေးတဲ့ ကားမှင်စာလေး၊ နင့်အ လော်ရီကားကြီးများ ဘာမှတ်နေလို့လဲ၊ လှူရောကားရော ပြ သွားမယ်သိလား" တဲ့။

❐

## အရာရှိဆက်ရက်

လက်ဖက်ရည်ဆိုင်မှာ လှတောသားတွေ အုပ်စုဖွဲ့မိရာ မြို့ပြောင်းလာသော အရာရှိအသစ်အကြောင်း ပြောမိကြပါတယ်

"အရာရှိဆိုလို့ ပါးမှာပဲအရာထင်သလား၊ လက်မှာပဲအရာ သလားဆိုပြီးကြည့်တာ ငါတော့ ဘာမှမမြင်ရဘူးကွဲ့"

"အေး ငါလည်း သေသေချာချာ မြင်ဖူးအောင်ဆိုပြီ ကြည့်လိုက်မိလေ ... အလိုလေး ဘိုကေလေး မြောက်တော မြောက်တောက်နဲ့ ကျွဲဆက်ရက် ရေနစ်ထားသလားမှတ်ရ"

❐



## စကားလိမ်နဲ့ပြော

လှတောရွာနှင့် မနီးမဝေးရွာတွင် စက်ဘီးပျောက်လာသူ သူက သူငယ်ချင်းများကို တိုးတိုးတိတ်တိတ် လာတိုင်ပင်သတဲ့။

"ငါ့စက်ဘီး လူခိုးခံရလို့ကွ"

"မင်းကဘယ်မှာ ဘာသွားလုပ်လို့ အခိုးခံရတာလဲ၊ သက် ဆိုင်ရာတိုင်ပေါ့ကွ"

"တိုင်လို့ ဘယ်ဖြစ်မလဲ"

စက်ဘီးရှင်က လင်ရှိမယားအိမ်သို့ ညဘက်သွားတွေ့ပုံ၊ က်ဘီးကို သော့ခတ်ထားသည့်ကြားမှ သူခိုးက စက်ဘီးထမ်း သွားပုံတို့ကို ဖွင့်ပါလေရော။

ဒီတော့မှ လှတောသား သူငယ်ချင်းက–

"ဟလိုလေးကွယ် မင်းအဖြစ်ရယ်၊ ဖိုးသူတော် ကြက် ပျောက်တာထက် ဆိုးနေပါလား၊ သီလစောင့်ရမယ့် ဖိုးသူတော်က ညဉ့်ဥစ္စာခိုးလာပြီး သူ့အသက်သတ်ဖို့ ဝှက်ထားတုန်းမှာ နောက် တစ်ယောက်က ထပ်ခိုးသွားသလို သူတော်ခမျာ ဟစ်ါပြုထား သာကို ဟိုဟာပြုသွားတော့ ဘယ်ကောင်းမလဲလို့ ဖိုးသူတော်ဟို စကားလိမ်နဲ့ ပြောရမယ့်ကိန်း"

❐

www.burmeseclassic.com

www.burmeseclassic.com



## နွားရိုက်ပွဲ

လှတောရွာထဲဝင်လာတဲ့ လှည်းယဉ်ကလေး ကားဂိတ်ရှေ့
မှာရပ်နေတော့ လှည်းသမားက နွားကိုတအားရိုက်ရော။

"ဟော့ကောင် နွားသတ်တာများ ခက်ခက်ခဲခဲ လှည်းထဲ
တပ်ပြီးမှ သတ်ရသလားကွ၊ ရိုးရိုးသတ်လည်း ဖြစ်ပါသကွာ"

အရိုက်ကြမ်းလို့ အမြင်မတော်သူတွေက လှမ်းတားတဲ့
သဘောနဲ့ ပြောတော့ လှည်းသမားရဲ့ တုံ့ပြန်စကားက –

"အိုဗျာ ကျွဲထားမှတော့ နိုင်းမှာပဲ၊ နိုင်းမကောင်းရင်
တော့ ရိုက်ရလိမ့်မယ်၊ အရိုက်ကတော့ ဝမ်းတွင်းသားပဲကျန်ကျ
လျှော့လို့မဖြစ်ဘူးဗျို့"တဲ့။

□

## နားအရသာ ချွဲကျိုကျို

စကားဝိုင်းဆောသို့ ကလေးငယ်တစ်ယောက် ရောက်လာပြီ
သူ့အမေကို ပြောပါတယ်။ အသံက ချွဲချွဲလေးနဲ့ နွဲ့ဆိုးသံပေါ
နေတာမို့ အလည်ရောက်နေတဲ့ လှတောသားကြီးက မှတ်ချက်
ချတာကတော့

"မင်းစကားပြောသံကို နားထောင်ရတာ ခေါင်းလျှော်
ရည်ထဲမှာ ငါးရှဉ့်ဖမ်းနေရသလိုပါပဲလားဟာ"

□



## သဘာဝမြေသြဇာ

အိမ်တစ်အိမ်မှာ လယ်သမားကြီးတွေစုပြီး စိုက်ပျိုးရေး
ဗဟုသုတတွေ ဖလှယ်ကြပါတယ်။

စကားဝိုင်းက မြေသြဇာအကြောင်း လည်ထွက်သွားရော
ပါတော့။

"ဓာတ်မြေသြဇာက အပင်အရွက်နဲ့ အပွင့်အသီးပဲ အားပေး
တာကွ၊ နည်းလည်းမကောင်း များလည်းမကောင်း ဒုက္ခပေးတတ်
သလား၊ ကောင်းတာကတော့ သဘာဝမြေသြဇာပဲဟေ့"

"ဘယ်သဘာဝမြေသြဇာက အကောင်းဆုံးပါလိမ့်"

"အိုဗျာ ... နွားချေး၊ ငှက်ချေး၊ ဘဲချေး၊ လင်းနို့ချေး၊
ကြက်ဆွေး ... စုံလို့ဗျာ"

"ကြက်ချေးလည်း ကောင်းတာပါပဲလေ"

"ဘယ်လိုကောင်းတာလဲဗျ"

www.burmeseclassic.com

www.burmeseclassic.com



"သစ်ပင်စိုက်မယ့် နေရာမှာ ခုနပြောတဲ့ ချေးတွေတစ်ခုခု ထည့်ရင် သစ်ပင်အတွက် သိပ်ကောင်းတာပေါ့၊ အပင်ထွားတယ်၊ အပွင့်ကြီးတယ်၊ အသီးသန်တယ်.... အစုံပါပဲ"

"ကြက်ချေးက မြေဩဇာကောင်းရှိမှန်ရင် ကြက်ဖင်ထဲ စပါးစိုက်ရင် ပိုကောင်းမှာပဲနော်"

တစ်ယောက်က ဖောက်လိုက်တော့ နောက်တစ်ယောက် က အငေါ်တူးလိုက်ပုံက...

"ခင်ဗျားပြောတဲ့အထဲမှာ နွပ်ချေးနဲ့ နွားဖာချေး မပါသေး ဘူးလေ" တဲ့။

❒



## အိမ်ခေါင်ဆက်တံ

လမ်းဘေးဆင်းရှောင်တဲ့ လူတောသားကြီးနဲ့ ချုံးတချွင် ချွင်ဖြင့်မောင်းလာတဲ့ လှည်းစီးခရီးသည်တို့ အပြန်အလှန် အသံ တွေပါ။

"ဟ လှည်းပေါ်မှာ စားပွဲကုလားထိုင် ဆက်တံခုံကြီးပါ ထား၊ ဘယ်သူ့ဟာတွေလဲကွ"

"ကျုပ်တို့ အိမ်အတွက်မှာထားတာ၊ ခုမှရလာသလေ ဗျာ"

"ဟာလိုလေးကွယ်... မင်းအိမ်တစ်လုံးက ရေအိုးစင် လောက်တောင် မကြီးဘဲနဲ့ စားပွဲကုလားထိုင်တွေ ထားဖို့ဆိုရင် တော့ အိမ်ခေါင်မိုးပေါ်တင်ထားရုံပဲ ရှိတော့မပေါ့"

❒

www.burmeseclassic.com

www.burmeseclassic.com



# ငါ့ခြေထောက် ဘယ်ပျောက်

ဝက်လက်ဘုရားပွဲကြီး ကျင်းပနေချိန်။

လှတောကားဂိတ်မှာ ပွဲတော်သွား ပွဲတော်ပြန်တွေနဲ့ စည်ကားနေပါတယ်။

ပွဲတော်ပြန် တစ်ယောက်ကို သူ့အသိက ဆီးမေးတယ်လေ။

ဘုရားပွဲ အတော်စည်သလားတဲ့။

"စည်ချက်ကတော့ ပြောမနေနဲ့ အဒေါ်ရေ၊ ပုရွက်ဆိတ်အုံပေါက်ပြားနဲ့ လှန်ထားတဲ့အတိုင်းပဲ"

"သွားတဲ့ကားတိုင်း အပြည့်အသိပ်ဖြစ်နေမှတော့ မစည်ခံနိုင်ရိုးလားကွယ်"

"ဟုလိုလေး ကားကျပ်ပုံများတော့ ကားထဲမှာ ခြေချစရာ လက်ထားစရာ မရှိနဲ့၊ ကားပေါ်က အဆင်းများ ကိုယ့်ခြေထောက် သူများနဲ့မမှားရအောင် မနည်းရွေးထုတ်ခဲ့ရပါသကော"

□



# ဈေးသည်တော်ကောသလ

ဈေးသည်ထမင်းကျွေးဖို့ ဈေးလွှတ်လိုက်တဲ့သမီး နှစ်နာရီလောက်ကြာမှ ပြန်ရောက်လာတော့ အမေကဆူပြီလေ။

"ဈေးသွားတာပဲ တော်ရုံသဖြင့်မဟုတ်ဘူး၊ လင်နောက်လိုက်သွားသလားလို့၊ ဈေးသည်တောင် ညည်းအပြန် မစောင့်နိုင်လို့ ပြေးပြီ"

ဒီတော့ အနားမှာထိုင်နေတဲ့သားက ဝင်ထောက်လိုက်တယ်။

"လင်နောက်လိုက်တာက ဖြစ်သလိုဝတ်သွားတာပါ အမေရယ်၊ အလှပြင်ပြီးသွားတာ ရည်းစားနဲ့ ချိန်းတွေ့တာ ဖြစ်မှာပေါ့"

"အသွားအပြန် နာရီဝက်ခရီးများ သွားနေလိုက်တာ လင်မတော သားသမီးတွေ ရနေသလိုပဲ"

"ဟာ ... အမေရယ် ... လင်ရနေရင် ခေါ်လာမှာပေါ့၊ ရည်းစားနဲ့ဘယ်မှာ စကားပြောနေတာလဲ မေးစမ်းပါဦး"

www.burmeseclassic.com

www.burmeseclassic.com



"အခုညှော်သည်ကို ဘယ်လောက်အားနာဖို့ ကောင်းလိုက်သလဲလို့"

"အားမနာနဲ့ အမေရဲ့၊ အမေ့ညှော်သည်ဗိုက်က ကောသလမင်းဗိုက်ဗျ၊ ပဲဟင်းတစ်တင်းချက်လောက်မှဝမှာ၊ အသားဆိုလည်း ကြက်သား ဘဲသား မစဉ်းစားနဲ့၊ ပျူစောထီးလေးနဲ့ခွင်းတဲ့ ငှက်ကြီးဟင်းနဲ့ကျွေးမှ အဆာပြေမယ့် ညှော်သည်"

ဒီလိုနဲ့ သမီးဘက်လှည့်ထားတဲ့ အမေ့ဒေါသက သားဘက်ရောက်သွားပြီး တစ်ခွန်းမကျန် ပြန်လှန်ရပါမလားရယ်လို့ ထင်းချောင်းဆွဲ လိုက်ပါလေရောတဲ့။

❒



## သရဲပြေး ဘီလူးငို

ကမ္ဘာ့လင်မယား ပြဿနာမှာ လှတောရွာလည်း မလွတ်ပါဘူး။ လင်နဲ့မယား လျှာနဲ့သွားဆိုသလို မကြာခဏ စကားနိုင်လုကြရာက နောင်ကျိန်ချကြရတာပဲ မဟုတ်လား။

ခုလည်း ...

(မယား) ။ အောင်မယ်လေး၊ ငါ့များမနေချင်ရင် ဆင်းသွားတဲ့၊ နေချင် ဆင်းသွားရအောင် နင့်တဲကုပ်များ ရွှေနန်းတော်မှတ်နေသလား၊ ဇရပ်ပျက်လောက်မှ မသားနားဘဲနဲ့ဟာများ။

(လင်) ။ ဒါဆိုလည်း ငါ့ဒေါသတွေ တာမကျိုးခင် မြန်မြန်ကြွ။

(မယား) ။ သွားမယ်၊ ကြွမယ်၊ နင့်လိုကောင်မျိုးထက်သာတာတွေ ငါ့ရပ်ငါ့ရည်နဲ့ ဆယ်ကောင်လောက် အချိန်မရွေးပဲ။

(လင်) ။ ဟလိုလေး ငါ့ရပ်ငါ့ရည်တဲ့၊ လှတယ်မဟုတ်လား၊ ချောလိုက်တာ ဖုံ့လို့၊ သရဲပြေးပြီး ဘီးလူးငိုမယ့် ရုပ်ကများ ငါ့ရုပ်ငါ့ရည်တဲ့၊ ကျသကွာ။

❒

www.burmeseclassic.com

www.burmeseclassic.com



## စာဖွဲ့မကျန် ဖိုးပိန်ပုံ

စကားဝိုင်းဘေးက လူတစ်ယောက် ဖြတ်လျှောက်သွားတယ်။ ပုံစံက ရောဂါတစ်ခုခုစွဲနေသလို ပိန်ခြောက်ချည့်နဲ့နေတာကလား။ ဝိုင်းထဲက လူတောသားက လှမ်းနှုတ်ဆက်လိုက်ပုံက

"ဟာ... ဖိုးပိန်၊ ဘယ်သွားမလို့လဲကွ၊ နေကောကောင်းရဲ့လား"

"ကျွန်းမာရေး ဂရုစိုက်ဖျာ၊ ခင်ဗျား ပိန်လိုက်တာလည်း ပိုးကျတဲ့ ဝါးရုံထဲက စိတ်ဖြာထားတဲ့ ဝါးခြမ်းပြားလားမှတ်ရ..."

နောက်တစ်ယောက်ကလည်း ဝင်အားပေးတယ်။

"မြန်မာဆေးဆရာ ကောင်းကောင်းနဲ့ ကုစမ်းပါ ငါလူရာ၊ မင်းကြည့်ရတာ ငါးဖောင်ရိုးခြောက် ခြစားထားသလို တစ်နေ့တခြား ကြုံလို့လှီလို့ ပါးပါးလေးပဲ ကျန်တော့တယ်"

ဖိုးပိန်က တရွေ့ရွေ့ တလှုပ်လှုပ်နဲ့ ကျောခိုင်းသွားတဲ့အထိ အသံတွေကမစဲသေး။

"အေးကွာ ... သူ့ပုံက ဖြုန်းခနဲကြည့်တော့ စက္ကူမကပ်ရသေးတဲ့ ယပ်တောင်လားမှတ်ရ"

"သနားပါရဲ့လေ ကမ္ဘာ့ဌာန်းကောင်အရိုးစု အာဟာရပြတ်နေတဲ့အတိုင်း ဖြစ်နေရှာရတာ"

❒



www.burmeseclassic.com

www.burmeseclassic.com






## လမ်းစည်းကမ်း လူ့စည်းကမ်း

ဗိုလ်ချုပ်အောင်ဆန်းလမ်းအတိုင်း မောင်းလာသော ဘတ်စ်ကားတစ်စီး ဆူးလေမီးပွိုင့်အရောက် မီးနီမိပြီးရပ်လိုက်ပါတယ်။ ကားပေါ်က လူငယ်သုံးယောက် အပြေးအလွှား အူယားဖားယား ဆင်းလိုက်ကြပါတယ်။

စပယ်ယာက တားရင်းနဲ့ ဆွဲလိုက်တာတောင် မမီလိုက်ပါဘူး။

ဒီတွင် ... ကားပေါ်ကျန်ခဲ့တဲ့ ခရီးသည် (လူတောသား ခံ်ဖို့များသူ) က ကွာတားဘောင်းဘီခေါ်တဲ့ တရုတ်ဘိန်းစားဘောင်းဘီ၊ ဆံပင်ရောင်စုံ၊ နားကွင်းတစ်ဖက်တပ်နဲ့ သွားတဲ့ လူငယ်တွေကို လှမ်းကြည့်ရင်း ...

"ယာဉ်စည်းကမ်း နားမလည်တာလည်း မပြောနဲ့၊ ဟိုတို့ပုံစံက လူ့စည်းကမ်းမှ မသိတဲ့ဥစ္စာ၊ လူတွေက ယောကျ်ား ဆိုပိန်ပိန် ရှည်လမျော၊ မျက်နှာက မြေခွေးမျက်နှာ၊ ရင်အုပ်က ကြက်ရင်အုပ်၊ ဆံပင်က ကြောင်ကြောင်ကျားကျား ကျက်သရေ မရှိပါပေ့ဗျာ" လို့ မြည်တမ်းလိုက်ပါသတဲ့။

□

www.burmeseclassic.com

www.burmeseclassic.com



## ကိုယ်လုံးချည်း အိမ်မပြန်တတ်

ဘတ်စ်ကားပေါ်တွင် ခေါင်းမပြူရ၊ လက်မထုတ်ရ သတိပေးစာတန်း ကပ်ထားတဲ့ကြားက ခရီးသည်တစ်ယောက် ဘယ်နရက်က အိပ်ပျက်ခဲ့မှန်းမသိ အိပ်ပျော်လာပြီး ပြတင်းပေါက်အပြင်ဘက် ခေါင်းကြီးထွက်ပါလာသတဲ့။

ကားတွေကလည်း ပွတ်သီကပ်သီ ဥဒဟို ဖြတ်ကျော်နေတာဆိုတော့ စိတ်ကောင်းရှိတဲ့ သူ့ဘေးကခရီးသည်က အိပ်ပျော်နေသူကို နှိုးလိုက်ပါတယ်။

"ခင်ဗျား ခေါင်းကြီးထွက်နေတာ မတော်တဆ ကားချင်း ပွတ်မိရင် ခေါင်းပြတ် ပါသွားလိမ့်မယ်"

ထိုအခါ ... နောက်ထိုင်ခုံမှ ခရီးသည်လှတောသား

"ခေါင်းမပါရင် ကိုယ်လုံးကြီးထီးတည်း အိမ်ပြန်ရောက် မဟုတ်ဘူးနော် ..." တဲ့။

❐



## အပျိုပိန်ပိန် ရေမစိမ်နဲ့

လှတောသူ အပျိုကြီးတစ်ဦး ဆူးလေ–အင်းစိန် ဟိုင်းလက်စ် အမြန်ကားလေးမှာ တက်စီးမိသတဲ့။

သူကခပ်ဝဝ၊ အလယ်ခုံမှာရှုံ့မဲ့ပါလာတုန်း စပယ်ယာက

"ဘယ်ဘက်တန်းက ခုနစ်ယောက်ဆန့်တာ ခြောက်ယောက်ပဲရှိသေးတယ် ဟိုအစ်မကြီး ဘေးတန်းဝင်ထိုင်ပါ"

"ဟာ လူတွေ ပိန်တာ ဝတာထည့်မတွက်ဘဲ ခုနစ်ယောက် သေတွက်ထားလို့ ရမလားဟဲ့"

"ဒီလိုပဲ သွားရင်းလာရင်း ချောင်သွားမှာပေါ့ဗျာ။ လုပ်ပါ ညှိတဲ့အနေနဲ့"

"ပိန်တဲ့လူချင်းထိုင်မှ ထိုင်လို့ရတာဟဲ့၊ ပိန်ဆို အတော်ပိန်ရမှာ၊ ခုနစ်ရက်ထမင်းမစားတဲ့ သေခါနီးလူမမာလောက် ပိန်မှ ဘယ့်နယ်တော် ငါ့ဟာငါဝတာပဲ အသားလှီးပစ်ရတော့မယ့် အတိုင်း"

❐

www.burmeseclassic.com

www.burmeseclassic.com



## မြေမျိုမယ့်အတိုင်း

ပါးစပ်စည်းကမ်းမရှိတဲ့ စပယ်ယာတွေက ထင်ရာပြော ထင်ရာအော်တတ်ကြတာ ရန်ကုန်ဧည့်သည် လှတောသား နှင့် ယောက်နားထဲမှာတော့ ကန့်လန့်ကြီး။

လူအပြည့်နဲ့ ကားတစ်စီးလာတယ်။ ရန်ကုန်သားတွေ တိုးတက်တိုးဝင် ပျောက်ကွယ်သွားတာ ကြည့်ပြီး–

"ဟလိုလေး ဘတ်စ်ကားရဲ့ အပေါက်မရှိတဲ့အထဲ ဝင်နိုင် ထွက်နိုင်တယ်၊ 'ရေပြင်'ဆိုတဲ့စကားထာအတိုင်းပါပဲလား"

အကြာကြီးစောင့်တဲ့အထိ ကားကမချောင်ဘူးလေ။

ဒီတော့ သူတို့ချင်းတိုင်ပင်ကြတယ်။

"ချောင်တဲ့ကားကိုစောင့်ရင်း လူစင်စစ်က အမြစ်တွယ် လိမ့်မယ်"

"အေးဟ လာတဲ့ကားပဲ လိုက်ကြစို့"

ကားတစ်စီးလာတယ်၊ အလုအယက်တိုးတက်ကြတယ်။



စပယ်ယာက အပေါ်က်ဝက မဖယ်ဘဲ အော်သွင်းနေတာပဲ။

"တက် ... တက် ... အလယ်မှာ အချောင်ကြီး၊ ဝါသနာ ပါရင် စတိတ်ရှိုးကလို့ရတယ်။ ငါးဖယ်တိုးလေး တိုး ..."

လှတောသား ပါးစပ်က ငြိမ်မနေနိုင်တော့ဘူး။

"ဟလိုလေး စပယ်ယာရဲ့၊ ကားစီးဖူးပုံမပေါ်ဘူး၊ အဆင်း အတက်မှာ ကားကိုအတင်း ဖက်ထားလိုက်တာများ မြေမျိုတော့ မယ့်အတိုင်း"

❐

www.burmeseclassic.com

www.burmeseclassic.com



## မြင်းမိုရ်ဆီဆွတ်

လှတောသား ကြီးအိမ်ကို ရွာနီးချင်းညည့်သည် ရောက်[illegible] ပါသတဲ့။

ထမင်းစားချိန် လွန်သွားပြီဆိုတော့ ညည့်သည်က [illegible] နှုတ်ဆက်တယ်။

"စားလို့သောက်လို့ ပြီးကြပြီလား"

"စားလို့တော့ပြီးပါရဲ့၊ ဒါပေမဲ့ ဆန်ကြမ်းတော့ ထ[illegible] မာသွားပြီး မြင်းမိုရ်တောင်ကို ဆီမဆွတ်ဘဲ မျိုရတာ[illegible] သက်သာဦးမယ်ဗျာ"

❒



## ကြာသက်န်းကပ်တဲ့နေ့

ရွာလေးတစ်ရွာမှာ ဈေးသည်အမျိုးသမီး အကြွေးလိုက် [illegible]ရင်းက ခပ်စုတ်စုတ် အိမ်တစ်လုံးရှေ့အရောက် –

"မိအေးရေ အုန်းဆီဖိုးနဲ့ ငပြောရည်ဖိုး၊ လက်ဖက်ခြောက် [illegible]သားများ မ,စပါဦးအေ၊ ငါ့မှာအရင်းပြုတ်ဖို့ တဲတဲလေးရယ်"

အသံပေးလိုက်တယ်ဆိုရင်ပဲ စာဖတ်နေတဲ့ မိန်းမငယ်က [illegible]ကြည့်ပြီး –

"တော့် ဘုတ်အုပ်လည်း သေသေချာချာ ပြန်ကြည့်ဦး၊ [illegible]ဆပ်ပြီးသား"

"အလို ဘယ်တုန်းက ဆပ်တာမို့လို့လဲအေ့"

"ကြာပါပြီကောတော်၊ ဃဋိကာရ ဗြဟ္မာမင်းကြီး ဘုရားကို [illegible]သက်န်းကပ်တဲ့နေ့ကတည်းက အကြွေဆပ်လိုက်ပါသကော[illegible]"

ဒီတော့မှ ဈေးသည်မက စာရင်းစာအုပ်လှန်၊ ပြန်တောင်း[illegible]သွားရပါသတဲ့။

❒

www.burmeseclassic.com

www.burmeseclassic.com



## ခေတ်လင် ခေတ်မယား

ရည်းစားနှင့် နိုးတွေ့ရာက မိခင်သိသွားတဲ့နောက် အရပ်ကတို့ကို တိုင်တည်ပါသတဲ့။

"အလိုးလေးဟဲ့ အမေ့ဗိုက်ထဲက ထွက်လာတာနဲ့ အူဝဲ မအော်ဘဲ လင်ယူမယ်၊ မယားယူမယ် အော်လာကြသလားမှ ရ၊ ပညာလည်းမတတ်၊ ထွန်တုံးတစ်တုံးမှမနိုင်၊ ထမင်းအိုး ဖြောင့်ဖြောင့် မချက်တတ်တဲ့ဟာတွေ၊ သူများအိမ်သာအောင သွားနေကြဟော့"

□



## တိမ်ထန်းသီး

အိမ်တစ်အိမ်က လူတော်သားစကားဝိုင်းမှာ ထန်းလျက်နဲ့ ရေနွေးကြမ်းနဲ့ မြိုင်ဆိုင်စိုပြည်လို့။

"စကားမစပ်၊ တစ်လောက မန္တလေးက ခင်ဗျားညီ ဆေးရုံတက် မျက်စိခွဲတယ်ဆို ..."

"ဆေးဖိုးဝါးခ မတတ်နိုင်လို့ မခွဲဖြစ်ပါဘူးဗျာ၊ တိုင်းရင်းဆေးဆရာနဲ့ ကုဖို့ပဲ စီစဉ်လိုက်ရတယ်"

"အဲဒီတော့ကော ..."

"သက်သာရုံပဲရှိတာပါ၊ လုံးဝ ပျောက်ကင်းဖို့ကတော့ နောက်ဘဝမှပဲ ဖြစ်တော့မယ်"

"ခင်ဗျားကလည်း စကားကောင်းပြောစမ်းပါဗျာ"

"အမှန်ပြောတာ တကယ်၊ သူ့မျက်စိတိမ်က ထန်းသီးလုံးလောက်ကြီးနေမှတော့ ရှင်းရှင်းပျောက်ဖို့ဆို ပေါက်ပြားနဲ့ ခုတ်ထုတ်မှပဲ ရတော့မယ်"

□

www.burmeseclassic.com

www.burmeseclassic.com



## ကင်းတာယာ

စက်ဘီးဝယ်ချင်လို့ သတင်းမေးနေတဲ့သူကို သူငယ်ချင်းတစ်ယောက်က ဘယ်သူ့ဘယ်ဝါ ရောင်းဖို့ရှိကြောင်း ညွှန်ပါတယ်။

ဒီတွင်... သာဝဆိုသူရဲ့ စက်ဘီးအကြောင်း ရောက်လာပါတယ်။

"ဈေးချောင်တာလေး လိုချင်ရင်တော့ သာဝဘီးရှိတယ်၊ မဆိုးပါဘူး"

ဒီတင်... သူ့ဘေးက နောက်သူငယ်ချင်းကဝ—

"ဟာ သာဝစက်ဘီးတော့ မညွှန်းလိုက်ပါနဲ့ကွာ၊ စေတနာဝေဒနာဖြစ်နေပါ့မယ်၊ တာယာတွေစုတ်ပြတ်နေလို့ ချုပ်ထားလိုက်တဲ့ ချုပ်ရာတွေများ မြင်မကောင်းအောင်ပဲ၊ ကင်းခြေများ မိသားစု စည်းဝေးပွဲထိုင်နေသလားမှတ်ရ"

❒



## အလွှကပ္ပ ဇာတ်ကိ

လုပ်ခရှင်းလာသော အလုပ်သမားတစ်စု ရွာထိပ်အကြော်ဆိုင်မှာ ဝိုင်းဖွဲ့မိကြပါရော...။

"တစ်ကျပ်ဖိုးနိုင်းပြီး တစ်မတ်ဖိုးတောင် မသဒ္ဓါချင်တဲ့ သူဌေး"

"ဒီလို မတရားလုပ်တတ်လွန်းလို့လည်း သူတို့ခများ အချမ်းသာကြီး ချမ်းသာနေတာပေါ့ဟ"

"ဒီသူဌေးအကြောင်းတော့ ပြောမနေနဲ့ဟေ့၊ လာဘ်ပေးရာမှာဖြင့် ဇာတ်ကပဲ၊ အလုပ်သမားခရှင်းပေးရင်တော့ အလွှကပ္ပ ဇာတ်ကီး"

❒

www.burmeseclassic.com

www.burmeseclassic.com



## ပန်းပြောင်တာယာ

စိုင်နိုင်သားတစ်ဦး စက်ဘီးဝယ်ဖို့ လှတော်သားတွေစုံရာ လက်ဖက်ရည်ဆိုင်ကို ရောက်နေလေရဲ့။

တိုက်ဆိုင်ချင်တော့ စက်ဘီးတစ်စီးနှင့် လူရာစ်ယောက် ရောက်လာပါသတဲ့။ အဲဒီလူက ကြိုက်ဈေးရရင် ရောင်းမယ်ဆိုပဲ။

ဒီတွင် လှတောသားတွေက ဝသီအတိုင်း စက်ဘီးကို ဝိုင်းပြီး ဝေဖန်သရော်ကြရော။

ပိုင်ရှင်က မခံချိမခံသာနဲ့ –

"တာယာအသစ်ဆင်ထားတဲ့ စက်ဘီးကိုများ မင်းတို့မှီ ပြောရက်ပလေကွာ"

"ဟလိုလေး မောင်ရာ၊ မင်းဟာ တာယာလားအသစ်၊ မြေမနင်းသားဆိုတဲ့ တာယာကို မြင်ရပုံဖြင့် သဲခွေပေါ် ငါးရှဉ့် ပတ်နေတဲ့အတိုင်းပါပဲလားဟဲ့"

❒



## ဒလ်ာရာကြော်ငြာ

ကျေးရွာသမက စက်ဘီးတာယာ ဝယ်ခွင့်ရသူကို ဆိုင်တာဝန်ခံက စစ်မေးပါသတဲ့။

"ခင်ဗျားတာယာ ၂ နှစ်ပြည့်ပလား"

"သိပေါမင်း လေးဖက်သွားတဲ့နေ့က ထုတ်ထားတာပါဗျာ"

"ဒါဖြင့်ကျွတ်ကကော ကောင်းဦးမှာပေါ့"

"မယုံရင်ထုတ်သာကြည့်တော့ဗျာ၊ ချုပ်ရိုးတစ်ရာ ဖာရာတစ်သောင်းနဲ့၊ နာနတ်သီးကို ပလတ်စတာကပ်ထားတာ မြင်ပါလိမ့်မယ်"

❒

www.burmeseclassic.com

www.burmeseclassic.com



## ပြောင်မှပြောင်

အတင်းပြောတတ်အောင် ကျူရှင်ပေးစရာ မလိုပါဘူး။ ခုလည်း သမဆိုင်ရှေ့မှာ ဆီတန်းစီနေတဲ့ မိန်းမတစ်စုမှာ နောက်ဆုံးပေါ်အတင်းတွေ ကုန်သွားလို့ ပြောစရာရှာနေတုန်း အမျိုးသမီးငယ်တစ်ယောက် ဖြတ်သွားတာ မြင်သွားတယ်။ မေးငေါ့ပြလိုက်ပြီး...

"ဟိုမှာတွေ့လား မယ်မင်းကြီးမ၊ သူ့ကိုမြင်တာနဲ့ နန်းတော်ခြေရင်းက ငဆွဲ့နဲ့ နောက်မီးလင်းတဲ့ မိဖုရားကြီးကို သွားသတိရမိ"

"သတိရအောင် ညည်းအမျိုးလား"

"အမျိုးမဟုတ်လို့ ပြောတာပေါ့အေ၊ နို့ ဒီကောင်မ သူ့ယောကျ်ား မန္တလေးဆင်းအလုပ်လုပ်တယ်၊ ကောင်းအောင်နေပါတော့လား၊ ဝေးသေး၊ အရှုံးနဲ့မျောက် မွေးလားမွေးရဲ့၊ စပါးဒိုင်က ကောင်နဲ့ တွဲလားတွဲရဲ့"

"ညည်းကိုက ဒါပဲသိသကိုး၊ နောက်ဆုံးမွေးတဲ့ ကလေးရဲ့ နာမည်မှာ လင်ငယ်နာမည် တစ်လုံးထည့်မှည့်ထားတာတော်"

"အံ့ပါ့တော်၊ ရဲရဲတင်းတင်း မျက်နှာပြောင်ပါပေ့၊ ချေးရှုံ့နေတဲ့မျက်နှာ အုန်းဆီဆွတ်တာတောင် သူ့မျက်နှာလောက် ပြောင်မှာ မဟုတ်ဘူး"

□

## ပြောင်မှပြောင်



www.burmeseclassic.com

www.burmeseclassic.com






## ကြွက်အယောင် ကြောင်အလား

ဇနီးသည်က ထမင်းလုံးစီပြီး ဆေးပေါ့လိပ်ဖိမ်ခံသောက်နေတဲ့ လင်တော်မောင်နား ကပ်လာပြီး–

"ရှင့်သားတွေ ရှင်ဆုံးမထားဦးနော်၊ အရက်သောက်သလိုလို၊ ဖဲရိုက်သလိုလိုကြားလို့"

"မဖြစ်နိုင်ပါဘူးကွာ၊ ငါ့ကိုသူတို့ မလွန်ဆန်ရဲပါဘူး"

"ရှင်က ရှင့်ကိုရှင်ထင်နေ၊ ရှင့်သားတွေက ဖအေရှေ့ကျလေကိုစား တရားကျင့်တဲ့ မြေခွေးငစဉ်းလဲ၊ သူတော်ကောင်းမျက်နှာနဲ့ ကုပ်လို့၊ မကုပ်မဖြစ်ကုပ်နေတာ"

"ဒါဆို တစ်နေ့ ငါလိုက်ပြီးချောင်းဦးမှ"

"ချောင်း... ချောင်း... သူတို့က ရာသီဥတုကို သိပ်သိတာ၊ ရှေ့မှာတော့ကြွက်၊ ကွယ်ရာလည်းရောက်ရော ကြောင်ဖြစ်သွားကြတာသိလား"

□

www.burmeseclassic.com

www.burmeseclassic.com



## ရွှေဥာဏ်တော်စူးပါပေ့

လှတောသားတွေ ခေတ်မီပါတယ်။

တစ်ခါတစ်ခါ သူတို့စကားဝိုင်းမှာ အမေရိကားက ကိုလံဘီယာ အာကာသလွန်းပြန်တွေ၊ ဂြိုဟ်တုကို ဗွန်လွှတ်သလို တရွှတ်ရွှတ်လွှတ်နေတဲ့ ရုရှားနိုင်ငံအကြောင်းတွေ၊ ညူကလီးယားဓာတ်ပေါင်းဖိုတို့၊ ဖန်လုံအိမ်တို့၊ ခရမ်းလွန်ရောင်ခြည်တို့အထိ ပါတတ်ပါတယ်။

ဒီလိုနဲ့ လှတောသားတစ်ယောက်က မအူမလည်လုပ်ပြီး–

"ငါလည်း ဂြိုဟ်တုတစ်လုံးလောက် လိုချင်လိုက်တာကွာ"

ဆိုတော့ နောက်တစ်ယောက်က–

"အံမယ် ရာရာစစ မင်းက ဂြိုဟ်တုနဲ့ ဘာလုပ်မလို့လဲ"

အမေးရှိတော့လည်း အဖြေရှိစမြဲပဲ။

"ငါ့ခြံထဲက ထိပ်ဖျားမှာသီးနေတဲ့ သရက်သီးတွေ ဂြိုဟ်တုပေါ်က လှမ်းခူးရင် လွယ်သကိုသာတာပေါ့ မောင်ရာ"

❒



## မယ်ဆန်ကင်း

ဆန်ရှားစဉ် ကာလတစ်ခုက မန္တလေးရထား ပဲခူးအဆိုက်မှာ ရှာဖွေရေးက တက်စစ်ရော။

ဖြစ်ချင်တော့ လှတောသူနဲ့မှ တည့်တည့်သွားတိုးလေရဲ့။

"ဆန်ပါသလား"

တာဝန်ခံပုဂ္ဂိုလ်က မေးတာကို ပြန်ဖြေလိုက်ပုံကဖြင့်–

"ဆန်မသယ်ရဘူးဆိုလို့ ကျုပ်တို့မှာ ထမင်းတောင်မစားခဲ့ရပါဘူးတော်၊ ဗိုက်ထဲရှိပြီးသားဟာတွေကိုလည်း ဝမ်းနုတ်ဆေးစားပြီး ရှင်းပစ်ခဲ့တဲ့အတွက် ဆန်နဲ့တူတာတောင် မပါပါဘူးရှင်"

❒

www.burmeseclassic.com

www.burmeseclassic.com



## ရေခဲစိမ်ဖယောင်း

ဆန်ရှာဖွေရေးအဖွဲ့ဟာ တစ်နေ့မှာ လှတောသားတွေပါလာတဲ့တွဲပေါ် တက်မိကြသတဲ့။

“ဆန်ပါလာကြသေးလား”

“မပါဘူး”

လှတောသားကြီး အဖြေကတုံးတိတိဆိုတော့ ပုဂ္ဂိုလ်တွေမျက်နှာကြောတင်းသွားတယ်။

“ကိုယ့်ဆရာအသံ မာလှချည်လား”

“ဟလိုလေး မာပုံကတော့ ရေခဲစိမ်ထားတဲ့ ဖယောင်းခဲကိုရေမစိမ့်သလိုပဲလူရေ၊ မာမာပဲ”

သူ့ပြောပေါက် ပြောဟန်က စိတ်ဆိုးစရာကောင်းဖို့ထက် ရယ်စရာကောင်းနေတော့လည်း ရှာဖွေရေးတွေ တပြုံးပြုံးနဲ့ ဆင်းသွားရဲ့ဆိုပဲ။

❒



## နှမ်းထုပ်သကြား

ရွာလမ်းမမှာ လယ်သမားကြီးနဲ့ အိမ်ထောင်ရှင်မငယ်တစ်ယောက်ဆုံကြတယ်။

“ဦးလေး လယ်ထဲကပြန်ထင်ရဲ့”

“အေးဟ ... နေစမ်းပါဦး၊ ညည်းကလည်းအပြေးအလွှားနဲ့နောက်ကကြွေးရှင် လိုက်လာသလားမှတ်ရ၊ ခလုတ်တွေဘာတွေတိုက်လဲမှဖြင့်ဟယ်”

“သကြားရမယ်ဆိုလို့ ကလေးတွေအိပ်တုန်း ထပြေးခဲ့ရတာ၊ သူတို့မနိုးခင် အိမ်အရောက်ပြန်လာတာပဲ”

“နင့်သကြားက ရရောရခဲ့လို့လား”

“အလိုလေး ... သကြားတဲ့တော်၊ မီးနေသည်သုံးတဲ့နှမ်းထုပ်လောက်တောင် မရှိဘူး၊ ဦးလေး နှာရှုံ့ချင်ယူသွားဦး”

❒

www.burmeseclassic.com

www.burmeseclassic.com



## ပြိုင်ကော့မယ်လေ

အညာကျေးလက်မှာ နွားဆိုတာက တောင်သူလယ်သမား တို့ရဲ့ အားထားရာ ဖြစ်သလို ကျေးရွာသိတတ်ရင် ကျေးဇူးရှင်လို့ တောင်ခေါ်နိုင်ပါတယ်။ ထွန်ယက်စိုက်ပျိုးရေး၊ ပွဲလမ်းသဘင် တော၀င်တောင်ခုတ်၊ သယ်ယူပို့ဆောင်ရာ "နွား"အဓိက။

နွားကောင်းကိုင်ကြတာနဲ့အမျှ နွားအလှပြိုင်၊ လှည်းယဉ် ပြိုင်၊ အကောင်အထည်နှင့် မပြိုင်နိုင်တဲ့အဆုံး ပါးစပ်ချင်းပြိုင် စတမ်း။

တစ်နေ့... ပခန်းသားနှင့် တခြားရွာသားတစ်ယောက် ဇရပ်တစ်ခုမှာ ဆုံမိကြ။

ပခန်းသားက ဇရပ်ရှေ့ရပ်ထားသော နွားလှည်းကိုကြည့် ရင်း –

"ခင်ဗျားဟာ နွားကောင်းပဲဗျ"



"ကောင်းသလားမပြောနဲ့ဗျို့၊ မြင်တဲ့အတိုင်းပဲ၊ တခြား ားတွေလို ငါးစင်းပြေးကော့တာမှ မဟုတ်တာ၊ မှန်စီရွှေချ ဘွလားအိမ်က ပတ္တလားကော့သလို ကော့တာ၊ တွေ့တယ် ဟုတ်လား"

ဟုတ်ကဲ့။ လှတောသားနဲ့တွေ့ပြီလေ။

"ကျုပ်မှာ လှည်းပါမလာတော့ ပါးစပ်ပြောပဲရှိမယ်၊ ုံမှုယုံပါ့မလား မသိဘူး။ ကျုပ်နွားကော့တာနဲ့စာတော့ ခင်ဗျား းကော့တယ် မခေါ်လောက်ဘူးဗျာ၊ ဘာကြောင့်ဆို ကျုပ်နွားတွေ ါးကော့လွန်းပါရော၊ ချေးယိုရင် ချိုကြားကျလို့ တစ်ခေါင်း ုံး ချေးချည်းပဲ"

□

www.burmeseclassic.com



## တရှုတ်ရှုတ် တပြွတ်ပြွတ်

လက်ဖက်ရည်ကြမ်းဝိုင်း။

ပိုးသတ်ဆေးအကြောင်း၊ အထူးအထွက်တိုးအကြောင်း မှုးရေအကြောင်း ရောက်တက်ရာရာပြောရင်း ကလေးများတဲ့ လူတစ်ယောက်အကြောင်း စကားစပ်မိရာမှ –

"သူ့မိန်းမကလည်း မွေးမွေးနိုင်ပေ့ကွာ၊ ကိုယ့်ကလေးကို မှတ်မိပါ့မလား မသိဘူး"

"လူလုပ်တဲ့ စက်များရှိရော့လေသလားပဲ၊ မွေးလိုက်တဲ့ ကလေးများ ဆိတ်ချေးယိုတဲ့အတိုင်း တရှုတ်ရှုတ် တပြွတ်ပြွတ်"

❒



## မိခင်ကောင်း အလိုရှိသည်

မယားနှင့် စိတ်ဆိုးလာသော ယောကျ်ားတစ်ယောက် ရွာထိပ် သစ်ငုပ်တိုပေါ်ထိုင်ပြီး ပွစိထိုး ရေရွတ်နေပါသတဲ့။

"ဟင်း မယားတစ်ယောက်ယူလိုက်၊ မလိမ္မာလို့ ရိုက်သတ်လိုက်၊ နောက်တစ်ယောက်ယူလိုက် အကြောမှတည့်လို့ ရိုက်သတ်လိုက်၊ နောက်တစ်ယောက်ထပ်ယူ လူပါးဝလို့ ရိုက်သတ်လိုက်။ စိတ်ရှိတိုင်းလုပ်ရရင်တော့ ကြိုးစင်ပေါ်က ငါဆင်းရတော့မှာ မဟုတ်ဘူး။ ဗိုး လောကကြီးမှာ သမီးလိမ္မာကို မွေးထုတ်နိုင်တဲ့မအေမှ မရှိတော့ဘူးလားပဲ"

❒

www.burmeseclassic.com

www.burmeseclassic.com



## ကဗျာသံ ကြာသံ

အိမ်တစ်အိမ်တွင် လူစုမိပြီး တွေရာလေးပါး ပြောနေကြသတဲ့။

"ခတ်မြေသြဇာ အပြင်ပေါက်ဈေးက အစိုးရထုတ်ဈေးနဲ့ စာလိုက်တော့ မတရားကြီးပဲဗျ၊ တော်တော်အမြတ်ကြီးစားတဲ့လူတွေ"

"ရှာသာရင် ဘနဖူးသိုက်တူးမယ့် လူတွေချည်းပဲ၊ ပြောရရင်တော့စိတ်ကုန်တယ်၊ တကတတည်း ညောင်ပင်မှ မစိုက်ရသေးဘူး၊ ရက္ခစိုးတွေဝိုင်းဆိုတာလို တို့များမှာ ပျိုးတောင်မကြဲရသေးဘူး၊ ငွေထုပ်လေးတပြပြနဲ့ မနူးမနပ်ကလေးကို နူးသလို ကဗျာသံ ကြာသံတွေနဲ့ ဗိုက်သားလာဝယ်နေကြပြီ၊ စပါးပွဲစားတွေလေ"

ဒီတော့ အဘိုးကြီးတစ်ယောက်က ဝိုင်းကြီးချုပ်စကားနဲ့ အုပ်လိုက်ပုံမှာ–

"ဗျာပါဆံရယ်က တစ်ဖက်တစ်ဆုပ်၊ ကညာသံရယ်နဲ့ မပျက်လုပ်၊ ကဗျာဆန်ဆန်နဲ့ လက်ယုတ်တော့ အာဏာသံနဲ့ ဖက်အုပ်လိုက်ရုံပေါ့လဟာ"

❒




www.burmeseclassic.com

www.burmeseclassic.com

# တန်ခိုးရှင်ငိုပေတော့...





## တန်ခိုးရှင်ငိုပေတော့

မိုးချောင်းရေလာနေခိုက် လှတောသားလယ်သမားကြီးများ အပြေးအလွှား စိုက်ပျိုးရေး လုပ်ကိုင်ကြတဲ့အခါသမယ။

အချိန်မီဖို့ ပျိုးနုတ် ကောက်စိုက်သူတွေကို အလုအယက် လိုက်ရှာပေါ့။

ဦးကြီးတစ်ယောက်က ပျိုးနုတ်သူ ခေါ်မရတဲ့အတွက် တခြားရွာကပျိုးတွေ ကားနဲ့သွားသယ်ပြီး လမ်းဘေးချထားချိန်။

လယ်နီးနားချင်းများ ဝိုင်းလာရာမှ ပျိုးတွေကိုကြည့်ကာ

"များလှချည်လား၊ ဘာနဲ့သယ်မှာလဲ"

"နွားနဲ့သယ်မှာပေါ့၊ ငါ့ကိုဘာနဲ့သယ်မလဲ မေးရအောင် ဟယ်လီကော်ပတာတို့၊ အဲယားဘတ်စ်တို့ ပိုင်တယ်မှတ်လို့လား"

"ဟလိုလေး အဲသလောက်များတာကြီးဟာကို နွားမပြောနဲ့၊ စူပါမင်းဆယ်ကောင် သယ်တောင် အီးထွက်ပြီး ထိုင်ငိုရချေရဲ့ကွာ"

◻

www.burmeseclassic.com

www.burmeseclassic.com



## အနုအရင့် ကွာမှကွာ

သက်ငယ်ရောင်းသောဆိုင်မှာ ရောင်းသူနဲ့ ဝယ်သူ လူတောသားနှစ်ဦး ပြောနေတဲ့စကားသံ နားခံကြည့်လိုက်ပ။

"ခင်ဗျားသက်ငယ်က နည်းနည်းနုနေသလိုပဲ"

"ဟုလိုလေး ဒီသက်ငယ်များ နုရဦးမလားလူရ၊ ရွှေဘိုမြို့နန်းတည်တုန်းက ခြံရှင်းတဲ့အထဲ ပါလာတဲ့သက်ငယ်တွေ၊ ကံကောင်းလို့ရတယ်မှတ်"

"ခင်ဗျားဟာ ခင်ဗျား ရွှေဘိုက သက်ငယ်ပြောပြော၊ အင်းဝက သက်ငယ်ဆိုဆို၊ ဘယ်လောက်ပဲရင့်ရင့်၊ မနေ့က ခင်ဗျားဆီက သက်ငယ်ဝယ်လာတဲ့ အိမ်မှာတော့ ခင်ဗျား သက်ငယ်ကို ပြုတ်ပြီးသုတ်စားနေတာ တွေ့ခဲ့ရပါသကော"

❒



## သမန်းညှက် သမက်ဖမ်း

လယ်ကွင်းတစ်ခုမှာ ကောက်စိုက်သမတွေ ကောက်စိုက်လို့ လယ်သမားလူငယ်လေးတွေက မျိုးချနှင့် ပျော်နေကြတယ်လေ။

သမန်းကောင်းတော့ လက်သွက် တက်ကြွပြီး တေးသံတကြော်ကြော် အော်ညည်းလို့ပေါ့။

ဝါရင့်ကောက်စိုက်သမကြီးက မအောင့်အည်းနိုင်ဘဲ –

"ကောင်းလိုက်တဲ့သမန်း၊ သနပ်ခါးခွက်ထဲ လက်နှိုက်သလားမှတ်ရ၊ အေးပြီးအိနေတာပဲ"

ဒီတော့ အရုပ်ဆိုးအသားမည်းမည်း ကောက်စိုက်သမကြီး တစ်ယောက်က –

"ဟဲ့ကောင်လေးတွေ ဒီလယ်ကွက် ဘယ်သူထွန်တာလဲ၊ ထွန်ရေးတော်လွန်းလို့ သမက်စမ်းတန် ဖမ်းရအောင်ဟေ့၊ ငါ့သမီးကိုမကြိုက်ရင်တော့ ငါကြိုက်ရမှာပေါ့၊ ပြောစမ်းထွန်တဲ့လူ"

ပျိုးချနေတဲ့ လူငယ်လေးတွေ အဖြေမပေးဘဲ ကန်သင်းပေါ် တက်ပြေးကြလေတော့ ကောက်စိုက်သမလေးတွေ ညာသံပေး ရယ်ကြလေရဲ့ တဝါးဝါး။

❒

www.burmeseclassic.com

www.burmeseclassic.com



## မုဆိုးလား သားကောင်လား

၁

သစ်ခုတ်အသွား နွားကိုကျားအကိုက်ခံရလို့ ပခန်းသူတစ်ရ ဆူညံဆူညံနှင့် ပြန်လာပါသတဲ့။

ရွာကလူတွေကလည်း တစ်ယောက်တစ်ပေါက် ဝိုင်းမေး ကြတာပေါ့။

"နွားကို ထားမပစ်ခဲ့ဘူးလား"

"ဘာလုပ်ဖို့ ထားခဲ့ရမှာလဲ၊ အသားဖိုးရ နည်းလား"

"တို့ရွာက ဖိုးသာ ဒူးလေးလက်ဖြောင့်တာပဲကွ၊ လင့်စင် ထိုးပြီး နွားအသေနဲ့ စားတဲ့ပြန်ရအောင်လို့"

"ဖိုးသာကို လင့်အစီးခိုင်းလို့ကတော့ မင်းကျားက နွားသေ ကို စားပစ်ရုံတင်မကဘူး လင့်စင်ပေါ်တက်လာပြီး ဖိုးသာ ဆိုတဲ့ကောင် ရွှေချိမုန့်ကျွတ် ပျော့ပျော့လေးဟဲ့ဆိုပြီး ဝါးပစ်မှာ ကွ"

❏

## မုဆိုးလား သားကောင်လား...



www.burmeseclassic.com

www.burmeseclassic.com






## ပလတ်စတစ်ရုပ်မျက်နှာ

ဘုရားပွဲဈေးတန်း ရွာအပျိုအုပ်စု တစ်ဆိုင်ဝင် တစ်ဆိုင်ထွက် ရှော့ပင်ထွက်ရာက တစ်နေရာမှာ လူတွေအုံကြည့်လို့ ရုပ်ရှင်ရိုက်နေတာ တွေ့ခဲ့ရသတဲ့။

ရွာပြန်ရောက်တော့ "တို့ရုပ်ရှင်ရိုက်တာ မြင်ခဲ့ရတယ်ဟေ့၊ လူတွေအုံလိုက်သမှ မျောက်ပွဲလားမှတ်ရအေ"

"လူတွေ ဝိုင်းကြည့်နေတဲ့ကြားမှာ မူပြမ့်ပြရတာ ရှက်စရာကြီးနော်"

"အလိုလေးအေ၊ ရုပ်ရှင်မင်းသမီးဆိုလို့ တော်တော်များချောသလားမှတ်တာ ... ပလပ်စတစ်ရုပ်မျက်နှာနဲ့ ခေါင်းပေါ်က ဆံထုံးကြီးကလည်း ဟာနုမာန်မျောက်ကြီး ဆေးမြစ်ရှာမရလို့ သိမ်တောင်ကြီး ရွက်လာတာနဲ့ တူလိုက်တာ ... လုံးဝပါပဲ"

□ ဒီ

www.burmeseclassic.com

www.burmeseclassic.com



## ပိန္နဲပဒိုင်း

ရွှေရောင်ဝင်းပြီး ပျားရည်နံ့သင်းနေတဲ့ သစ်သီးတန်းထဲ လှတောသားတစ်ယောက် ဝင်လာရာက ပိန္နဲသီးလိုက်ရှာတယ် ဆိုပဲ။

"အိမ်မာရှိလား"

တချို့က ဈေးသာရောင်းတာ၊ ပိန္နဲသီးဆိုင်ရာ ဝေါဟာရကို မသိကြတော့ ကြောင်တောင်တောင် ကြည့်နေကြတယ်။

လှတောသားက ဝါးနဲ့ဆောက်တဲ့အိမ်လား၊ အုတ်နဲ့ဆောက်တဲ့အိမ်လား ပြန်မမေးတာပဲကံကောင်းလို့ မြည်တမ်းတယ်၊ အသုံးအနှုန်း ပြောင်းမေးတယ်။

"အိမ်ကြွပ်ရှိလား၊ အိမ်ကြွပ်"

"ရှိတယ်၊ ဟောဟိုအလုံးတွေဟာ ကြွပ်ကြွပ်အိတ်ထုတ် ပိုကြွပ်တဲ့ ကုလားကြွပ်သီး၊ အသေးနှစ်ရာ၊ အကြီးသုံးရာ ဒီဘက်ကငါးရာ"

"ဘုရား ဘုရား သစ်သီးတန် ·သို့ပြီးဝင်လာတာ ရွှေဆိုင်တန်းနဲ့မှားပြီထင်ပါရဲ့"

"ပိန္နဲသီးတစ်လုံး ငါးရာတဲ့အရပ်ကတို့၊ အမလေး ပိန္နဲသီးရဲ့၊ ပဒိုင်းသီးလောက်မှ မ...ားနားဘဲ မတန်လိုက်ပုံနယ်"





## ရထားဒုက္ခ

မှောင်ခိုခေတ်က ရထားနဲ့ ခရီးသွားလာတဲ့ လှတောသားကြီး ရွာပြန်အရောက်မှာ မိသားစုတွေကို ခုလို ဖောက်သည်ချခဲ့ပါသတဲ့။

"ရထားပေါ်မှာ အိမ်သာသွားဖို့အရေးကိုက ဒုလ္လဘတရားကြီးပဲ၊ တရုတ်ခြေသေးမ သိုင်းကွက်နင်းသလိုပဲ၊ အိမ်သာထဲ သည်းရောက်ရော ငါ့ဖြင့်အံ့လို့မဆုံးဘူး။ ဒါလောက်နံစော်တဲ့ အိမ်သာကိုများ ဟိုတယ်မှတ်နေသလားမသိ၊ ခင်းကျင်းပြီးအိပ်နေ သိုက်ကြသလေ၊ ခရီးသည်ချင်း စကားများရန်ဖြစ်၊ တိုးတိုက် သွားတယ်ဆိုတာ အကင်းပဲရှိဦးမယ်၊ ခေါင်းပေါ်ကကျော်သွား ဘာများ လွှားခနဲ ... လွှားခနဲ ..."

"အဘ ကျွတ်လာတာပေါ့လေ"

"ကျွတ်သမှ ပြန်တောင် မကောက်နိုင်ဘူးဟေ့၊ အမည်းမှာ အမှောင်၊ အမှောင်မှာ အနက်ဆောင်းဆိုတာ ဒါမျိုးထင်ပါရဲ့၊ ငါ့တော့ရထားပေါ်က ခုန်ချချင့်စိတ်တောင် ပေါက်လာတယ်၊ ကြီးမိန့်ကျပြီးသားလူတောင် ငါ့လောက် စိတ်ဆင်းရဲမှာမဟုတ်ဘူးဟာ"



www.burmeseclassic.com

www.burmeseclassic.com



## ရထားဈေးသည်

“မိုးပေါ်မှာ သိကြားမင်း၊ လူ့ပြည်မှာ အားတိုးဆေးပြ
ကုန်သွားတဲ့အားတွေ ငါးမိနစ်အတွင်း ပြန်ဖြည့်ပေးမယ့် အာ
တိုးဆေး။ အမောပြေ၊ ဒူလာမီးယပ်၊ ပန်းနာ၊ သွေးတိုး၊ လေငန်
လေးဖက်နာ၊ သူငယ်နာ ဗွယ်စုံရအားတိုးဆေးပြား၊ ကွမ်းစာ
ရဆေးသောက် ကျပျောက်သလောက် မရှိပါဘူး၊ နမူနာ ကြော်ငြ
တာနော်။ ဆိုင်တွေသွားဝယ်ရင် တစ်ထုပ်တစ်ဆယ်၊ ကဲ...
အစ်မယူဦးမလား၊ ဟိုဘက်က ညီမလေး နမူနာလေးပေးလိုက
ပါဦး တပည့်ရေ”

ဆရာက တွဲထိပ်ကအောက်နေတုန်းမှာ တပည့်လုပ်သူ
နမူနာလိုက်ဝေရာက လူတောသားကြီးတစ်ယောက်က ယူပြ
မြည်းကြည့်လိုက်တော့ ရှုံ့မဲ့သွားရာက –

“ဟာလိုလေး ဗွယ်စုံရ အားတိုးဆေးပြားကြီးတဲ့ကွယ
နွားချေးခြောက် ဆားဖြူးထားသလားအောက်မေ့ရ”



ဆေးရောင်းသူမျက်နှာ ပျက်သွားတယ်။

“အစ်ကိုကြီးစားနေကျ စိတ်စွဲနေလို့ ဖြစ်ပါလိမ့်မယ်” လို့ပြန်ဖြေတယ်။

လူတောသားက သူ့ကိုလှည့်မကြည့်ဘဲ ဆက်ပြောပုံက –

“ဘယ်အရပ်က ဘယ်သူဘယ်ဝါမှန်း မသိတဲ့လူတွေ၊ ဘာမှန်းမသိတာတွေကို လာရောင်းတာ၊ ဘုမသိဘမသိ ဝယ်စားမိရင်တော့ မိုက်ရာကျတော့မှာပဲ၊ မတော်တဆ အဆိပ်မိနေ ဘယ့်နှယ်လုပ်ကြမတုံး” တဲ့။

☐

www.burmeseclassic.com

www.burmeseclassic.com



## သုတေသနခရီး

အညာဆန်သဘော် ကစ်စီးမှာ ခရီးသည်အဖြစ် ပါလာတဲ့ လှတောသူတစ်ယောက်က အောက်ထပ်မှပြန်တက်လာပြီး အဖော် အမျိုးသမီးကို –

"နေရာတွေ အပုံကြီးချောင်ရဲ့သားနဲ့ လှေကားထစ်မှာ ထိုင်နေလိုက်ကြတဲ့ မိန်းမ, ယောကျ်ားတွေအားကြီးပဲ၊ ဘာလုပ်နေ ကြမှန်း မသိဘူးနော်"

"သိပါဘူးတော်၊ ထိုင်နေလိုက်ကြတာ ခြေသလုံးမွေး သုတေသန၊ ခြေသည်းသုတေသနလုပ်ရင်း မြေမှုန့်ရှူနေကြတာ ထင်ပါရဲ့" တဲ့။

❒



## ဆိုင်ကယ်ဘီလူး

စပါးအထွက် ကောင်းတဲ့နှစ်မှာ လယ်သမားကြီးကို သားနှစ်ယောက်က ဆိုင်ကယ်ပူဆာတယ်လေ။

"ဟကောင်တွေရ၊ ဆိုင်ကယ်စီးတာဟာ အိမ်ပေါ်ဖွတ်တက် တာနဲ့ ဘာထူးလို့လဲ၊ မြည်တာကိုက ဖွတ်ဖွတ်တဲ့၊ တစ်ဖွတ် တစ်ရာပဲ၊ ဖွတ်တစ်ကြိမ်မြည်ဖို့အရေး တစ်ရာထွက်သွားပြီ"

"သူ့ကိုခိုင်းမှတော့ ဆီဖိုးက ကုန်မှာပေါ့အဖေရာ"

"အေး မင်းတို့ဆိုင်ကယ်က လယ်ထွန်လို့ရသလား၊ စက်တစ်လုံးတည်းနဲ့ လယ်ထွန်၊ ကောက်စိုက်၊ စပါးလှေ့၊ ရေတင်၊ မီးထွန်းလို့ရတဲ့စက်မျိုး ဘယ်လိုဝယ်ရမတုံး စဉ်းစား ကြစမ်း"

"ကျွန်တော်တို့က ဆိုင်ကယ်မှ ဆိုင်ကယ်ပဲ"

"ဟလိုလေး ဆိုင်ကယ်ရူးတွေ၊ ဆိုင်ကယ်ကြော်ငြာ ဒတ်နေကြပုံများ မယ်သီတာရဲ့ ရုပ်ပုံလွှာတွေ့တဲ့ ဒသဘီလူး လား မှတ်ရသယော့"

www.burmeseclassic.com

www.burmeseclassic.com



## ရေခဲချောင်းဆေးလိပ်

ဧည့်သည်အဖြစ် ရောက်လာကြတဲ့ လူတောသားတွေကို မြို့ခံအိမ်ရှင်က ဖွယ်ဖွယ်ရာရာ ဧည့်ခံကျွေးမွေးပါတယ်။

စားသောက်အပြီး ဆေးလိပ်ညှိသောက်ရာက ခဏ ခဏ မီးငြိမ်းနေတော့ လူတောသားက ဆေးလိပ်ကို ရှုတည်တည်ကြီး ကြည့်ရင်း–

"ဟာလိုလေး ဆေးလိပ်နှယ်၊ ရေခဲချောင်း ထည့်လိပ်ထား သလားမှတ်ရ၊ ငြိမ်းလိုက်ပုံများ လျှပ်စစ်မီးပျက်တာ ကျနေတာ ပဲ"

❒



## လောကငရဲ

လမ်းပေါ်က အရက်မူးသမားတစ်စု ဝုန်းဒိုင်းကြဲနေပါရော လား။

ဆဲကြ ဆိုကြ၊ တွန်းကြ ထိုးကြ၊ ကွဲကြ ပြဲကြနှင့် လက်ဖက်ရည်ဆိုင်ထဲမှ လူတောသားနှစ်ယောက်လှမ်းကြည့်ရင်း–

"ဒီကောင်တွေမြင်ရတာ ငရဲပြည်က ငရဲသားတွေ ဒီလို နေမှာပဲထင်ရသကွ"

"မင်းက အရက်ဖိုမှ မရောက်ဖူးသေးပဲကိုး၊ ငါတစ်ခါ ရောက်သွားတုန်းများ ဟာလိုလေး အငွေ့တထောင်းထောင်းနဲ့ အရက်ပူပူကြီးတွေကို လူယက်သောက်နေလိုက်ကြတာ ငရဲသား တွေပါးစပ်ထဲ သံပူရည်တွေ လောင်းချနေပုံနဲ့ တစ်ထေရာတည်း ပါလား"

❒

www.burmeseclassic.com

www.burmeseclassic.com



## ယမကာမျက်လုံး

ရန်ကုန်သွားစဉ်က အတွေ့အကြုံကို သူငယ်ချင်းကို လှတောသားတစ်ယောက်က ပြန်ပြောတယ်လေ။

"တစ်ညတော့ မင်းကောင်ငတေနဲ့ ငါ့ကို ဘော်ဒါက ခေါ်သွားတဲ့ အလှူ့ပွဲပဲဟ၊ မင်းကောင်ဆိုတာများ ဘယ်လောက် မူးတယ် မမူးတယ်၊ မျက်လုံးတောင် ကောင်းကောင်းမဖွင့်နိုင်ဘူး။ လမ်းမှာ အမှားအယွင်းဖြစ်မှာစိုးတော့ ဟိုလူ့ဆရာခေါ်၊ ဒီလူ့ဆရာခေါ်နဲ့ တကယ်စိတ်ညစ်စရာကောင်းတဲ့ကောင်"

"ပြီးတော့ကော ဘာဖြစ်သေးလဲ"

"ဘာဖြစ်ရမလဲ၊ ငါမနည်းဆွဲတားနေတဲ့ကြားက ဖဲဘောင်းဘီဝတ်လာတဲ့ တရုတ်မကြီးကို ဆရာသွားခေါ်တာဟ၊ ယမကာမျက်လုံးများ အဲသလောက်ကြောင်တာ"

❒



## အပြစ်မရှိ အပြစ်ရှာ

ယောက္ခမက သမက်ကို ကြည့်မရလေ၊ အလုပ်ကြိုးစားလုပ်လေနဲ့ သမက်ခမျာ မျက်နှာကောင်းကို မရရှာဘူး။

ဒီကြားထဲက သမီးကိုပြောသလိုနဲ့ စောင်းလားချိတ်လား လုပ်လိုက်သေး။

"အင်း ငါ့သမီးမလဲ ကားလသား တစ်ရာကျော်ရှိတဲ့ လှတောရွာမှာ ရှားရှားပါးပါး ခက်ခက်ခဲခဲ ဒီကောင့်မှ ရှာယူရတယ်လို့၊ ညည်းယောကျ်ားနှယ် တခြားအပြစ်မရှိပေမယ့် ခါးကိုင်းလိုက်ရှာလေ ထွန်တုံးလားမှတ်ရ"

❒

www.burmeseclassic.com

www.burmeseclassic.com



## ဝိရုရနဲ့ မောင်ဆန်

မြင်းကတ်မြင်းဆိုး တပ်ထားတဲ့ မြင်းလှည်းတစ်စီးက လှူအပြည့်နှင့် လှတောဈေးဆိုင်တန်း ရောက်ချိန်မှာ ဗွေဖောက်ပြီး လန့်ပြေးပါလေရော။

မြင်းလှည်းလည်း အိမ်ပြုတ်ကျန်ခဲ့ရာက ခရီးသည်တွေ ပြုတ်ကျကုန်ပေမယ့် ... မြင်းလှည်းသမားကတော့ လှည်းလက်တံကို ခွစီးပြီး မြင်းဇက်ဆွဲလျက် အပြေးပါသွားပါသတဲ့။

ဒဏ်ရာရသူတွေ ဆေးရုံပို့ပြီးတဲ့နောက် ဒီမြင်ကွင်းကို မြင်လိုက်သူတွေ ဝိုင်းထိုင်သရုပ်ဖော်ပုံကတော့ –

"ဟာလိုလေးကွယ်၊ မြင်းလှည်းပေါ်လူတွေ လွင့်စင်ထွက်လာပုံများ လေယာဉ်ပေါ်က လေထီးနဲ့ခုန်ချသလားမှတ်ရ"

"အေးကွယ့်၊ မြင်းလှည်းဆရာ မြင်းနောက်ကို ကားရားကားရားနဲ့ ပါသွားပုံများ၊ ဟာလိုလေး၊ မြင်းမြီးဆွဲ မောင်ဆန် ကဏ္ဍက မြင်းနောက် ပါသွားတဲ့အတိုင်း"

"ဘယ်ကလာ ဝိရုရအမတ်ကြီး တောင်စဉ်ခုနစ်ထပ် ပုဏ္ဏကဘီလူးရဲ့မြင်းနောက်ချည်ပြီး အစိုင်းခံနေသလား မှတ်ရပါ့ မောင်ရာ"

◘



## မြင်းနက်ကျား

လှည်းဆွဲတဲ့ မြင်းတွေထဲမှာ မြင်းကျားအလွန်ရှားပါတယ်။ ဒီကနေ့တော့ လှတောဈေးဘက်ကို အတော်ကျားတဲ့ မြင်းက,တဲ့ လှည်းတစ်စီးဝင်လာတော့ အထူးအဆန်းလုပ်ပြီး ဝိုင်းကြည့်ကြတယ်လေ။

"ဘယ်က မြင်းလဲကွ"

"တောင်ပိုင်းကမြင်း ထင်ပါရဲ့"

"အလောင်းစည်သူမင်းကြီး ဦးပေါင်းစင်းနဲ့ တူရှင်းတောင်ခြေမှာ စီးခဲ့တဲ့မြင်းထင်တယ်ကွ"

"ဟ ... ဟိုက မြင်းညိုကြီးပါကွာ ..."

"ဘာပဲဖြစ်ဖြစ် ... မုလိုက်တဲ့မြင်း၊ ခွေးလားမှတ်ရတယ်၊ ကျားလိုက်ပုံကလည်းကွယ် နွားနက်ကို ထုံးရည်ပက်ထားသလားမှတ်ရ ..."

◘

www.burmeseclassic.com

www.burmeseclassic.com



## ပန်းနားကပ်

လှတောသားတစ်စု ကုန်စိမ်းတန်းထဲ လေ့လာရေး ဝင်သွားမိကြတယ်။ အမျိုးသမီးတွေက ပန်းမျိုးစုံကို ခတ်ကျနေတုန်း သူတို့က ဂေါ်ဖီ၊ မုန်လာ၊ ခရမ်းချဉ်၊ မုန်ညင်းမျိုးစုံတွေကို သဘောာတွေ့လို့။

" ခရမ်းချဉ်သီးတွေနှယ်၊ ပြည်တန်ပတ္တမြားကြီးတွေလား မှတ်ရ"

"ဟာလိုလေး ပန်းဂေါ်ဖီရယ် သန့်စွမ်းလိုက်လေ၊ ဖွေးဥနေတာပဲ၊ အိမ်ကမိန်းမကို နားကပ်လုပ်ပြီး ပန်ပေးချင်စိတ် ပေါက်လောက်အောင် ကောင်းလိုက်တဲ့ ကောင်းချက်"

ပန်းရွေးနေတဲ့ အမျိုးသမီးတွေက မျက်စောင်းလှည့်ထိုးပေမယ့် ကုန်စိမ်းသည် အဒေါ်ကြီးကတော့ အပြုံးသာ။




www.burmeseclassic.com

www.burmeseclassic.com



# ရှားမှရှား



## ရှားမှရှား

ကျီးသဲက သူငယ်ချင်းလယ်သမား လှတောသား လယ်
ားဆီ ရောက်လာပြီး ကောက်ရိုးတစ်လှည်းစာ ရောင်းပါ၊
းပါလို့ လာပြောတာပါ။

“မင်းတို့ဘက်က လယ်တွေ ဒါလောက်ကောင်းပါရက်နဲ့
ာက်ရိုး လာတောင်းရတယ်လို့ကွာ၊ သူဌေးက ခွက်ဆွဲပြီး
တွယ်အိမ်ရှေ့ လာတောင်းသလို ဘယ်ကောင်းမလဲ ငါ့လူရ”

“အပြောမရှမ်းနဲ့ မောင်လှတော၊ ရိတ်ထားတဲ့ ကောက်ပင်
 မိုးရေထဲမျောနေတာ ရဝမ်ဒါစစ်ပြေးတွေလား မှတ်ရ၊
မြင်စေချင်တယ်”

“မင်းတစ်လယ်တည်း ရေနစ်တာနေမှာပါ၊ တခြားလူတွေ
မှာ ကောက်ရိုးတွေ တောင်လိုပုံနေမှာ”

“ထင်လိုက်ရှလေ လူရေ၊ တို့တစ်ရွာလုံး ကောက်ရိုးရှားချက်
ော့ ကြက်မတမ်းတွေ ရှေ့ရေးတောင် အတော်ရင်လေးနေရ”

“ဟ ... ဘာဖြစ်လို့လဲ၊ မဆိမဆိုင်”

“မဆိုင်ဘူး မပြောနဲ့၊ သူတို့ခများ ကြက်မြုံထဲထည့်စရာ
ာက်ရိုးလေး လေးငါးပင်တောင် ရှာမရလို့ ထိုင်ငိုရသတဲ့”

❑

www.burmeseclassic.com

www.burmeseclassic.com



## ပဲဟင်းသမုဒ္ဒရာ

လယ်ထဲက ပြန်လာတဲ့သား အိမ်ဝက လှမ်းအော်တယ်

"အမေရေ ထမင်းဆာပြီဗျို့၊ ဘာချက်ထားလဲ"

"စားမယ်သားရေ၊ ကျက်တော့မယ်၊ ပဲဟင်းလေးတစ်ခွက် ကျန်တော့တယ်၊ ခဏလေးပါ"

ဘူးစင်အောက်က အမေအဝတ်လျှော်နေတာ မစောင့်နိုင်တော့တဲ့သားက –

"အလိုလေးဗျာ၊ အမေပြောနေတဲ့ ခဏလေးက ယ မင်းရဲ့ခဏလား၊ အမေ့ပဲဟင်းအိုးကို ဟင်းချိုချက်ရင် တစ်လ ဆီပြန်ချက်ရင် တစ်လ ကြာမယ်"

"ဟဲ့ ဘာဖြစ်လို့တုံး"

"ပဲဟင်းအိုးများ ထည့်ထားတဲ့ရေက ကာဘိုးဆည်ထ များဦးမယ်၊ ထင်းအကုန်ခံပြီး မီးထိုးမနေပါနဲ့တော့ အမေ လှေတစ်စင်းရှာပြီး ဟင်းအိုးနှုတ်ခမ်းနှစ်ဖက် ကူးတို့ပို့စား စိန်လက်ကောက်တောင် ဝတ်ရဦးမယ်"

"နင်တို့သားအဖ နှစ်ယောက် ပြောလိုက်ရင်မှဖြင့် တ လွန် ခွက်ကျ"

◘



## ခရမ်းပျား

လှတောသား ခြံရှင်တစ်ယောက် သူစိုက်ထားတဲ့ ခရမ်း၊ သဲ၊ ငရုတ်၊ ဖရုံတွေကိုကြည့်ပြီး ခေါင်းတဖျစ်ဖျစ် ကုတ်နေတာကို ခြံနီးချင်းတွေက ထွက်မေးကြတယ်။

"ငါလူ့ သက်ပြင်းကြီးတွေချတာ အဝေးကတောင်ကြားရ၊ းရထားဘာရိတ်ဖမ်းသံများလား မှတ်ရကွာ"

"ကုတ်လိုက်တဲ့ခေါင်းကွာ၊ ခေါင်းထဲက သန်းမပြောနဲ့ ကြွက်ရှိရင်တောင် အမှုန့်ဖြစ်လောက်ရဲ့"

ဒီတော့ခြံရှင်က –

"ကျုန်တော့်အပင်တွေ ကျုန်တော်ကြည့်ပြီး စိတ်ဆင်းရဲလို့ ဆို့ပါဗျာ"

"စိတ်ဒေဝါလီခံရအောင် စိတ်အကြွေးတွေ တင်နေလို့လား၊ အရုပ်ရုပ်ရစရာတွေ ဆုံးကုန်လို့လား"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ပြဿနာက ကမ္ဘာ့စီးပွားရေး ပျက်ကပ်နဲ့ မဆိုင်ပါဘူးဗျာ၊ ခရမ်းသီးဈေးကောင်းတဲ့နှစ်ကျမှ ပျားစွဲရတာနဲ့၊ ပုပ်ရတာနဲ့၊ မသီးတာနဲ့၊ ဈေးမကောင်းတဲ့ နှစ်ကများ သီးလိုက်သလေ၊ ခွေးမကြီးနဲ့ ခွေးကလေးတွေ ဝိုင်းစို့နေသလားမှတ်ရ"

"ဟုတ်ပကွာ၊ ဈေးကောင်းပြီး အသီးသိပ်မသီးတဲ့ ဒီနှစ်ကျမှ လိပ်ပြာစုပ်ရတာနဲ့၊ ပျစွဲရတာနဲ့ သီးလုံးဖောက်ပိုး ဝင်ရတာနဲ့၊ လူတစ်ကိုယ် ၉၆ ပါးရောဂါအစုံ ပြိုင်ဖြစ်တဲ့အတိုင်း"

"သီးလုံးဖောက်ပိုး သောင်းကျန်းပုံများတော့ တို့ခရမ်းပင်ဘယ်က ပျားသလက်အလုံးကြီးတွေ လာသီးနေပါလိမ့် မှတ်ရသဟ"

သုံးယောက်သား ပြောပြောဆိုဆိုနဲ့ ရယ်လိုက်ကြတာမောလို့။

❐



## ဂမုန်း ဂချစ်

ဂမုန်းရောဂါထချိန်က ညည့်သည်သူငယ်ချင်းက အိမ်တစ်အိမ်ရောက်သွားတယ်။

"ဟလိုလေး ... ကြီးလိုက်တဲ့ အရွက်ဖားကြီးတွေနဲ့ အင်ဖက်လား၊ ကန်စွန်းရွက်လား မှတ်ရတယ်"

"တောပြောတောင်ပြော မပြောနဲ့၊ ဒါဂမုန်းပင်ကွ၊ တန်ခိုးကြီးတယ်၊ အကျိုးပေးသန်တယ်၊ ပါးစပ်သရမ်းရင် ခိုက်နေဦးမယ်"

"ဟာကွာ၊ အသီးလည်းမသီး၊ အရွက်လည်းမစားရဘဲနဲ့ နိုးသေလိုက်ပုံနှယ်၊ အသက်မှ ပြင်းပြင်းရှူရဲပုံ မပေါ်ဘူး၊ အင်းဂမုန်းမို့သာပေါ့ကွာ၊ ဂချစ်သာဆိုရင် ၂၄ နာရီ ခေါင်းပေါ်ရွက်ထားမလား မသိဘူး"

❐

www.burmeseclassic.com

www.burmeseclassic.com



## ခွေးရဲ့ကျိန်စာ

စပါးဈေးကောင်းချိန်မှာ မြို့ပွဲစားတွေက လယ်သမားတွေဆီ ကပ်ပြီး ပတ်ချွဲနပ်ချွဲလုပ်တယ်လေ။

"ဆန်အိတ်တစ်ရာ အာမ ခံထားလို့ပါ ဦးကြီးရာ"

ဒီတော့ လူတောသားဦးကြီးက –

"ဟ ... လူရ၊ မင်းလာပြီး နားပူတိုင်း ရောင်းရတာနဲ့ ငါ့အိမ်ကခွေးတွေ ကျိန်ဆဲတော့မှာပါ"

"ဟာဗျာ စပါးရောင်းတာနဲ့ ခွေးက ဘာဆိုင်လို့ ခုတုံးဖြစ်သွားရပါလိမ့်"

"ခုတုံးလုပ်တာ မဟုတ်ဘူးမောင်၊ ရှိသမျှစပါးတွေ ရောင်းလိုက်ရင် ဝမ်းစာတောင်ကျန်မှာ မဟုတ်ဘူးလေ၊ ဝမ်းစာမရှိရင် ဘာသွားစားမတုံး၊ ဒါပေမဲ့ ခွေးကဗိုက်ထဲမှာ အစာရှိတာ မရှိတာ မသိဘူးကွ"

"အဲဒီတော့"

"ဟ ... ဒီတော့ အပေါ့အပါးသွားတိုင်း အခင်းကြီးသွားလိမ့်မယ် တမျှော်မျှော်နဲ့၊ လေလာပြီး ရေမပါတော့ သူ့ကိုစေတနာမရှိဘဲ လှည့်စားနေတယ်လို့ အထင်လွဲပြီး ကျိန်ဆဲမှာ ပြောတာဟေ့"

❒



## အားဆေးအသစ်

လူတောရွာမှာ နာတာရှည်ရောဂါနဲ့ အိပ်ရာထဲလဲနေတဲ့ ခင်ပွန်းသည်ကို ဇနီးက ဒေါက်တာရမ်းကုလို့ အများခေါ်ကြတဲ့ အပ်ပုန်းကိုင်တစ်ယောက်ကို ခေါ်ပြီး အားဆေးလေး ဘာလေး ထိုးဖို့ အကြံပေးသတဲ့။

ဒီတွင် နာတာရှည်ကြီး ဝုန်းခနဲထရာက –

"ဟေ့ ဟေ့ ငါတော့ အဲဒီကောင်ကိုခေါ်ပြီး ဆေးမထိုးလိုက်ပါနဲ့၊ သူ့ဆေးထိုးမယ့်အစား ငှက်ကြီးတောင်ဓားကို ရေနဲ့ဖျော်ပြီး သည်ချောင်းထဲ မျိုချမယ်ဟ ..."

❒

www.burmeseclassic.com

www.burmeseclassic.com



## နို့ဆီအိုး ခွေးတိုး

ညဲ့သည်တစ်ဦးက ခရီးရောက်မဆိုက် အိမ်ရှင်ကလေး များကို ငှက်ပျောသီးတစ်လုံးစီ ဝေပေးမယ်ပြင်ပါတယ်။

အိမ်ရှင်မက အလန့်တကြား ပြူးပြီး–

"အဲဒါတွေ ကလေးတွေ မပေးပါနဲ့"

"ဘာဖြစ်လို့လဲ၊ သူငယ်စာဟာ ကလေးစားတဲ့ ငှက်ပျော ပဲဥစ္စာ"

"ဟမလေး ညညကျ ဒီကောင်မ ချွဲထလိုက်ပုံများ ဘူးသီးခြောက် အဆန်ချောင် ကိုင်လှုပ်သလားမှတ်ရ၊ ငှက်ပျော စားလိုက်လို့ကတော့ နို့ဆီအိုး ခွေးတိုးသလို နေတော့မှာပေါ့"



## စကားနိုင် စကားပြိုင်

လှတောသား သုံ့ယယ်ချင်းသုံးယောက် မုန့်တိုင်းစဲခါစ ယာထဲကနေ ရွာထဲဝင်လာကြတယ်။

"မုန်တိုင်းသောင်းကျန်းသွားပုံများ ငှက်ပျောတောကို တော ဆင်ရိုင်း ဝင်မွှေသွားမှတ်ရ"

"ကောင်းတယ် ခုလို မိုးရောလေရော လာလိုက်တော့ အပူသက်သာသွားတာပေါ့၊ နို့မို့ပူလိုက်သမှ ငရဲအိုးပေါ်ထက်ထိုင် နေရတဲ့အတိုင်း"

"ဟုတ်ပ မိုးကို မျှော်လိုက်ရတာကွာ လည်ပင်းတံခွန်တိုင် ဖြစ်နေပြီ၊ ဘယ့်နှယ်ကွာ၊ ညဆို အိပ်မှမအိပ်နိုင်တာ"

"ခဏတစ်ဖြုတ် အိပ်ပျော်သွားတော့လည်း အအိပ်သတ် တော့အခက်သား၊ အိပ်ပျော်တုန်း ခေါင်းရင်းက ပုရွက်ဆိတ် ဖြတ်သွားသံကြောင့် လန့်နိုးသကွ၊ မိုးဦးကျတုန်းကတော့ အိမ်

www.burmeseclassic.com

www.burmeseclassic.com



ရှေ့ကတာမာပင် မိုးကြိုးပစ်တာ လုံးဝမသိလိုက်ဘူးဗျာ့"

"မင်းစကားက အော်ရီဂျီနယ် ဟုတ်ပုံမရဘူး၊ ဘယ် ဗီဒီယိုအခွေငြိမ့်က မိတ္တူကူးထားပါလိမ့်"

"အံမယ် ငါကသူ့ထက်ဆိုးတယ်၊ ပင့်ကူအိမ် အမျှင်ပြတ် တာကို သေနတ်သံမှတ်လို့ လန့်နိုးရော"

"ဟော့ကောင်တွေ တော်ကြကွာ၊ နားရွက်ကြွက်ကိုက်တာ တောင် မနိုးတဲ့ကောင်တွေကများ လေတစ်လုံးမိုးတစ်လုံးနဲ့"

◘



## ဓားခုတ်ကောင် အဆစ်ပြတ်သလို

ရွာလယ် ကုန်စုံဆိုင်က အသံလေးတွေ နားထောင်ကြည့် ပါဦး။ လှတောသူနှစ်ယောက် ဈေးရောင်းဈေးဝယ် လုပ်နေကြ တဲ့ အသံတွေပေါ့။

"အစ်မရေ၊ ဟင်းခတ်မှုန့်တစ်ထုပ်နဲ့ ဆီငါးကျပ်သား အရင်ဟာနဲ့ ရောမှတ်နော်၊ အိမ်ကလူ ထရံရက်ခရှင်းမှ တစ်ခါ တည်း ပေါင်းယူပါ"

"လူကို တက်စီးသွားပါအေ၊ အကြွေးတော့ မပေးပါရစေနဲ့ တော့၊ အကြွေးသမားက ညည်းတစ်ယောက်တည်း မဟုတ်ဘူး၊ ကြာရင် တုတ်တစ်ချောင်းနဲ့ ခွက်ဆွဲရမယ့်ကိန်း ဆိုက်တော့မယ်"

"ဒီတစ်ခါတော့ လုပ်ပါအစ်မရယ်၊ နောက်ကိုလက်ငင်း ဝယ်ပါ့မယ်၊ လောလောဆယ် ဟင်းအိုးတန်းလန်းကြီးမို့ပါ"

"ညည်းကတိနဲ့ ညည်းနော်၊ ဒီတစ်ခါ နောက်ဆုံးပဲ၊ ခုပုံ ကတော့ ညည်းတို့လည်း မချမ်းသာ၊ ငါလည်းဓားခုတ်ကောင် အဆစ်ပြတ်သလို တတိတိနဲ့ ဆိုင်ပြုတ်ဖို့ မြင်ယောင်သေး"

◘

www.burmeseclassic.com

www.burmeseclassic.com



## ကုန်ရော

လူတောသားတစ်ယောက်က လက်ဖက်ရည်ဆိုင် ထိုင်ရင်းက ပိုက်ဆံအိတ် ပျောက်သွားပါသတဲ့။ အနားလာထိုင်သွားသူတွေကို ပြန်တွေးတော့ လက်ဆောင်တတ်တဲ့ လူတစ်ယောက်နာမည် ပေါ်လာရော။

သူ့အဘေးဝိုင်းက သူငယ်ချင်းက ထောက်ခံလိုက်တယ်။


"ဒါဆိုရင်တော့ သေချာပြီ၊ အဲဒီကောင်က အင်းဝကတောက်ပြားအနွယ်၊ ငတက်ပြားရဲ့မြေး၊ ဒါတင်ဘယ်ကမလဲ တစ်ထောင့်တစ်ညပုံပြင်ထဲက အလီဘာဘာနဲ့ ခိုးသားလေးဆယ် ဂိုဏ်းဝင်တစ်ယောက်က သူ့ယောက္ခမ"

▢




www.burmeseclassic.com

www.burmeseclassic.com






## မှော်

ထမင်းဆိုင်မှာ လူချင်းချိန်းထားပြီး အချိန်လွန်တဲ့အထိ ညှိသည်က စောင့်နေရတာ တမျှော်မျှော်။

ရွာခံလှတောသား.က တစ်နာရီခန့် နောက်ကျပြီးမှ ရောက်လာပါသတဲ့။

"မင်းကွာ လူစင်စစ်က သစ်ကုလားအုတ်ဖြစ်အောင်လုပ်တဲ့ ပညာကို ဘယ်တုန်းက တတ်ထားပါလိမ့်"

ညှိသည်က အပြစ်တင်လိုက်တယ်။

လှတောသားရဲ့ အဖြေက –

"မင်းအပြစ်တင်လည်း ခံရတော့မှာပဲ သူငယ်ချင်း၊ ငါ အထိုင်ကြာတော့ ခြေထောက်တွေ အကြောဆိုင်းပြီး ကွေးကောက်နေလိုက်တာ ပုခက်ချိတ်ဖြစ်နေလို့ မနည်းဆွဲဆန့်နေလို့ ငါကြာသွားတာ၊ အဲဒါကြောင့်"

▢

www.burmeseclassic.com

www.burmeseclassic.com



## ခွေးခေါင်းထမင်း

ပျိုးနုတ်သမားတစ်ယောက် အရိပ်ကောင်းကောင်းမှာ ထမင်းထုပ်လေး ဖြေစားရင်းက လူမြင်သမျှ စားပါဦးလို့ လှောကွဲတ်ချော်နေတော့ လယ်ထွန်နေတဲ့ လှတောသားက –

"ဟလိုလေးလေး ပါလာတဲ့ ထမင်းကတော့ ခွေးခေါင်းလောက်နဲ့ စတုဒိသာကျွေးဖို့ စိတ်ကူးနေပါကလား ကွယ်ရို့"တဲ့။

❐

## အကြွေစက်ရုံ

လူတစ်ယောက်က လှတောသားကွမ်းယာဆိုင်မှာ ကွမ်းယာတစ်ယာဝယ်ပြီး နှစ်ရာတန်ပေးတော့ ဆိုင်ရှင်က မြည်ပါလေရော။

"ဟလိုလေးလူရယ်၊ ကွမ်းတစ်ရာ ၁ ကျပ်ကို နှစ်ရာတန်ကြီး ပေးရတယ်လို့၊ ငါ့ဆိုင်မျာ အနုပ်(အကြွေ) စက်ရုံကြီးများ ထင်နေသလားကွယ်"

❐



## ဥစ္စာစောင့်မ လင်ငယ်

ဒီနှစ် မိုးကောင်းတော့ ချိုပါ၊ ရေနဲ့ သရိုင်ဘက်က လယ်သမားတွေ 'ငွေ' လက်ဖျားသီးကုန်တယ်လေ။

အမိက္ကကတော့ ပျိုးမထောင်မိတဲ့ တခြားရွာတွေက ပျိုးတွေ လာဝယ်လို့ပါပဲ။

ဝယ်တာမှ အကြီးအကြား ပစ်ထားတဲ့ ပျိုးစည်းတွေ၊ မအားလို့ ထွန်မှပစ်ရသေးတဲ့ ပျိုးခင်းလက်ကျန်တွေ၊ ပျိုးရှင်တွေ တအားရထားသွားကြတာကလား။

ဒါကို ဆွေမျိုး၊ အပေါင်းအသင်းဖြစ်တဲ့ လှတောသားတွေက ခနဲ့ကြရော။

"ရေနဲ့သားတွေ လျှင်ပုံများ ကောက်ရိုးကို ရေဆွတ်ပြီး ပျိုးပင်လို့ ညာရောင်းသကွ"

"ရေနဲ့သားတွေ ငွေရှင်လိုက်ပုံများ ဥစ္စာစောင့်မလင်ငယ် တော်သလားမှတ်ရသဟေ့" တဲ့။

❐

www.burmeseclassic.com

www.burmeseclassic.com



## ဟာကြူလီကယ်ပါ

ကံဆိုးချင်တဲ့သွားနုတ်ဆရာ လှတောသားနဲ့ ကြုံရပလေး။ အဘိုးကြီးသွားမို့ ဆွေးနေပြီဆိုပြီး ဆေးတစ်လုံးထိုး နုတ်တယ်။ မရတော့ နှစ်လုံးထပ်ထိုး။ မရဘူး။

ချွေးဒီးဒီးကျအောင် အကြိမ်ကြိမ်ကြိုးစားနုတ်မှ နောက်ဆုံး သွားက ကျွတ်ထွက်လာတယ်။

ပါးလုတ်ကျင်းခိုင်းပြီး အရက်ပြန်ဆွတ်ထားတဲ့ ဂွမ်းစကို သွားပေါက်မှာ ပိုးမဝင်အောင် ဆို့မယ်လုပ်တော့ အဘိုးကြီးက လက်ကာပြီး –

"ဟလိုလေးကွယ်၊ ခိုင်လိုက်တဲ့သွား၊ ပန်းပဲမောင်တင့်တယ်နဲ့ ဟာကြူလီကို သံကြိုးရိုက်ပြီး ခေါ်ရတော့မယ်မှတ်တာ"

ပြောချင်တာ ပြောပြီးမှ ဂွမ်းကို ကိုက်လိုက်ပါသတဲ့။

❒



## ဓားကောင်းတစ်လက်

ဓား၊ ကတ်ကြေး၊ ကွမ်းညှပ်ပါတဲ့ အထမ်းသည်ဆီက လှတောသားဂိတ် လက်ဖက်ရည်ဆိုင်က ဓားဝယ်ဖို့ ခေါ်ကြည့်တယ်။ လူတွေအုံကြည့်ကြတယ်။

"ဘယ်ရွာကလဲ"

"သံဗိုလ်ရွာကပါဗျာ"

ဓားအရောင်းအဝယ် ဖြစ်နေတုန်း ကားတစ်စီးဆိုက်လာလို့ ဓားသည်လည်း ကမန်းကတန်း လိုက်တက်သွားတယ်။

ဒီတော့မှ ဝေဖန်ရေးနဲ့ လေကန်ရေးသမားတွေ စခန်းထတော့တာကိုး။

"ခင်ဗျား ဓားဝယ်လိုက်တယ်ဟုတ်လား"

"ကျုပ်မဝယ်ပါဘူး၊ ဟိုဘက်ဆိုင်က ဝယ်လိုက်ထင်ပါ့"

"ဒါဆို အဲဒီဓား လွှင့်ပစ်လိုက်ဖို့ပဲ ရှိတော့တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ပါလိမ့်"

"သံဗိုလ်ရွာကစား နာမည်ကြီးတာ မကြားဖူးကြဘူးလား"

"ဟင့်အင်း ဘယ်လိုနာမည်ကြီးတာလဲ"

"အဲဒီစားနဲ့ ရေကို မခုတ်မိအောင်သတိထား၊ ခုတ်မိရင်တော့ အသွားလိပ်သွားမှာ အနှောင့်စိုက်ရော၊ လေကိုခုတ်လည်း မပြတ်ဘူး၊ တို့ဟူးတို့၊ ထန်းသီးမုန့်တို့များဆိုရင် ချွေးတစ်ပြိုက်ပြိုက်ကျအောင် အံကြိတ်ပြီး လှီးရသတဲ့၊ အဲ့သလောက်ကောင်းတာ"

❑



## ဂီရိမေခလာဘီယာ

အရက်ဆိုလို့ ထန်းရည်ချိုတောင် မသောက်ဖူးတဲ့ စေတနာရှင် လူရိုးကြီးတစ်ဦးက စွယ်စုံပညာရှင် အရက်သမားကြီးတစ်ဦးကို လေးစားကြည်ညိုပါသတဲ့။ ဒါနဲ့ စတိုးဆိုင်က ဘီယာတစ်ဘူးဝယ်လာပြီး အရက်သမားဆရာကြီးလာတော့ ...

"ဆရာ့တော့ ဘီယာနဲ့ ညှော်ခံရဦးမယ်"

"ကောင်းတာပေါ့ဗျာ၊ တိုက်ဂါးတို့၊ စကောတို့ နာမည်သာကြားဖူးတာ သောက်ချင်နေတာ ကြာလှပြီ၊ ဒါထက် ဘယ်နှဘူးများ ဝယ်ထားပါလိမ့်"

"တစ်ဘူးပေါ့ ဆရာရယ်၊ ဆရာက ဘယ်နှဘူးများ သောက်မှာမို့"

အရက်သမားကြီး ကိုယ့်နဖူးကိုယ် လက်ဝါးနဲ့ ရိုက်ပြီး–

"ဟာလိုလေး ဘီယာဘူးရယ်၊ သေးလိုက်ရှာလေ၊ ကလေးတစ်ငုံစာပဲ ရှိရှာပါကလား၊ အဲ့ဒါမျိုးဆိုရင် ဘူးနှစ်ဆယ်လောက်

www.burmeseclassic.com

www.burmeseclassic.com



သောက်မှ ရေငတ်ပြေရုံနဲ့ ရီတီတီလေးပဲရှိမှာ”

ဒီတစ်ခါ နဖူးနဲ့လက်ဝါးနဲ့ ရိုက်လိုက်ရတာက စေတနာရှင်–

“အလိုလေး၊ အကျိုးနည်း – လက်စသတ်တော့ ကျွန်တော့်ခများ ဂီရိမေခလာဆင်ကို ရှာလပတ်ရည် တိုက်နေမိပါပေါ့လား အရပ်ကတို့”

□



## ရှယ်မို့

လူငယ်တစ်စု ကွမ်းယာနှင့် စီးကရက်ဆိုင်မှ မိန်းမပျို ချောချောလေးကို ဝိုင်းနောက်ပြောင်နေကြရင်း –

“မင်းတို့ မှိုအထူးအဆန်းမြင်ဖူးလား”

“ဘာမှိုလဲ၊ မင်းဟာက မှိုနီလား မှိုနက်လား၊ လိမ္မော်ရောင်၊ ခတော်ဖယ်ရီရောင်လား”

“အေး သိချင်ရင်တော့ ဒီဆိုင်မှာ စီးကရက်ဝယ်သောက်”

ဆိုင်ရှင်မိန်းမချောက မျက်စောင်းထိုးတာပေါ့။

သူတို့ကတော့ အရယ်အမောမပျက် –

“မှိုနာမည်က ဘာလဲ၊ အုန်းနို့မှိုလား ကောက်ရိုးမှိုလား”

“ဒူးယားမှို၊ ခပေါင်းမှိုတဲ့၊ တစ်ခါတလေ ရှယ်အဖြစ် ငါးသုံးလုံးမှိုတောင် ရောင်းတတ်ပါသဗျာ”

“သေနာကျတွေ”

“ဝါးဟားဟား”

□

www.burmeseclassic.com

www.burmeseclassic.com



## ငြင်းရမယ်ဆို အီစကို

ရွှေဦးဘုရားကြီးမှာ သန့်ရှင်းရေး ဝေယျာဝစ္စလုပ်နေတဲ့ လူငယ်အဖွဲ့ အဝင်ဝမုခ်တံကဲက ပုံရွှံ့နေတဲ့ အရုပ်တွေကိုကြည့်ပြီး တစ်ယောက်က –

"ဟ ... လူပျံ့ရုပ်ကလေးများ သားရေခွနဲ့ပစ်ထားလိုက်ကြတာ မျက်မှန်ကို ပေပေါ်တင်ပြီး တူနဲ့ထုထားတဲ့ အတိုင်းပါပဲလား"

ဒီအခါမှာ ပုတီးစိပ်ပြီး အနားယူနေတဲ့ အဘိုးကြီးက –

"ဒီဘုရားဟာ မင်းတို့အဘိုးအဘွားတွေ တည်ခဲ့တာပဲ။ ခုဆွမ်းတော်ကြီးတင်ပွဲကို ဦးဆောင်သလို ဒီအပျက်အစီးတွေကိုလည်း မင်းဦးဆောင်ပြီး ပြင်ဖို့ကောင်းတယ်"

"ဗျာ ... အဘ၊ ခင်ဗျားလူမှားနေပြီ၊ ဝါက/ ရှုံးလိုက်၊ နမ်းက ရှုံးလိုက်နဲ့ ဘယ်လောက်ကြာပြီလဲဗျာ၊ ဒီတစ်နှစ်ပဲ ဟုတ်ယောင်ယောင်ရှိသေးပါရဲ့၊ အဘကတော့ ကာကဝလ္လိယနဲ့



ဇောတိက မှားနေပြီ"

"သိပါတယ်ကွာ၊ အမွေစားအမွေခံ ပီသစေချင်လို့ အဘက တိုက်တွန်းတာပါ"

"ပီသချင်ပါဘိ အဘရာ၊ တတ်နိုင်ရင် ဟော့ဒီအုတ်တံတိုင်းကို စိန်စီထားလိုက်ချင်ပါရဲ့"

"ဒါဖြင့် ဘုရားပွဲအတွက် ငါးထောင်ထည့်"

အပေါင်းအသင်းတွေက ဘေးတီးတယ်။

ဒီတော့ –

"ဘုရား ဘုရား၊ ငါးကို ထောင်ထားတဲ့ ငါးထောင်တောင် ငါးအစစ်မဝယ်နိုင်လို့ စက္ကူငါးရုပ်ကို ထောင်ထားရမှာပါ ငါ့လူတို့ရာ၊ ကြွားတယ်လို့ မထင်ပါနဲ့၊ အိမ်လိုက်ပြီး တစ်အိမ်လုံးလှန်ရှာ၊ တစ်ကျပ်တွေ့ရင် အရိုက်ခံရဲတယ်"

"ကြွားချက်ကတော့ကွာ"

"ဟ ... တကယ်ပြောတာ၊ ပိုက်ဆံနဲ့တူတာဆိုလို့ မျက်စိနာရင်တောင် ရေစိမ်ပြီးခတ်စရာမရှိဘူး အဟုတ်"

❐

www.burmeseclassic.com

www.burmeseclassic.com



## ဒေါက်ဒေါက် ဒေါင်ဒေါင်

ကလေးတစ်ယောက်က ခွေးကိုသွားစလို့ ခွေးကလိုက်ကိုက်တာ သူ့အစ်မဝင်ရိုက်လို့သာ တော်တော့တာပေါ့။

ခွေးပြေးပေမယ့် အစ်မလုပ်သူက စိတ်ဆိုးမာန်ဆိုးနဲ့ သူ့မောင်ကို ခေါင်းခေါက်တယ်လေ။

ခေါင်းခေါက်ပုံကို အိမ်နီးချင်း လှတောသူတစ်ယောက်ရဲ့ သရုပ်ဖော်ချက်က –

"အမလေး သူ့အစ်မက သူ့မောင်ကို စိတ်မာန်ယစ်ပြီး ခေါင်းကို ခေါက်လိုက်ပုံများ စဉ့်အိုးကို လောက်စာလုံးတွေ လာလာမှန်သလားမှတ်ရ"

❐



## မားစွမ်းကောင်း

ရပ်ဝေးမှ ညည့်သည်တစ်ယောက် လှတောပြန် အမှတ်တရ လက်ဆောင်အဖြစ် မားတစ်ချောင်း ဝယ်သွားချင်လို့ ဘယ်မား ကောင်းမလဲ စုံစမ်းပါသတဲ့။ အသိတွေက –

"ရွှေကျင်မားတော့ မဝယ်လေနဲ့၊ ချေးကို လှီးတာ သွေးမထွက်ဘူးတဲ့"

"ဖုတ်ထတော မားကို ဝယ်သွားမိရင်တော့ ရေမခုတ်မိအောင် သတိထားနော်၊ အသွားက အနှောင့်ထိလိပ်သွားတတ်တယ်"

နောက်ဆုံးတစ်ယောက် အကြံပေးတာကတော့ –

"ဘယ်မားပိုကောင်းတယ်ဆိုတာ သိရအောင် အားလုံးသာ ဝယ်သွားပါဆရာ၊ ကောင်းချက်ကတော့ တို့ဟူးစိမ်းတောင် အံကြိတ်ပြီး လှီးရပါလိမ့်မယ်"

❐

www.burmeseclassic.com

www.burmeseclassic.com



## လူ့တော်သလင်း

ရန်ကုန်ရောက် လူတောသားတစ်စု အပြန်ခရီးမှာ ပြည်က အညာဆန်သင်္ဘောနဲ့ မန္တလေးကို လိုက်လာကြပါသတဲ့။

လူတောသားကြီးတစ်ယောက် လှေချောင်ချိန်မှာ အောက်ထပ်ဆင်းခဲ့ရာက လှေကားရင်းမှာ ထိုင်နေတဲ့ မဖွယ်မရာစုံတွဲကို မြင်ပြီး –

"အလိုလေးကွယ်၊ ယိုသူမရှက် မြင်သူရှက်၊ လူ့တော်သလင်းပွဲ တို့မကြည့်ရဲပါတကား"

ဆိုမှ နှစ်ကိုယ့်တစ်စိတ် ခေါင်းချင်းပူးထားတဲ့စုံတွဲ လူချင်းကွာသွားရပါရောတဲ့။

❒



## စာရင်း"ဖွက်"

လလသသ ခေါ်တဲ့ လယ်ယာလုပ်သား သမအသင်းများ တည်ထောင်ချိန်။

အသင်းတစ်ခုတွင် စာရင်းစစ်ဝင်သည့်သတင်း နားထောင်ပြီး လူတောသားကြီးတစ်ယောက်က ခုလို မှတ်ချက်ချပါသတဲ့။

"ဟလိုလေးကွယ်၊ တို့အသင်းက စာရင်းတွေလည်နေလိုက်ပုံများ မိုးမိထားတဲ့ ထန်းလျက်လုံးလား မှတ်ရဟေ့၊ စာရင်းစစ်လို့ မရအောင် ဖွက်ထနေတာပဲ"

❒

www.burmeseclassic.com

www.burmeseclassic.com



## ပေါရိသာဒ ညောင်ပင်

ညောင်သည်လုတောသားကြီးကို အိမ်ရှင်တွေက ယမကာ အပါအဝင် စားစရာအစုံအလင်နဲ့ ခြံထဲမှာ ဧည့်ခံပွဲခင်းပေးတယ်။

ညောင်သည်တော်ကြီးက ရိတ်ီတီဝေတောတောလေးနဲ့ ဟင်းအိုးတွေကို လိုက်လှန်ကြည့်ပြီး –


“ချိုင့်ထဲမှာက ဘဲကြွပ်ကြော်၊ ပလတ်စတစ်အိတ်နဲ့ ဝက်အူတောင့်၊ ဒန်အိုးထဲမှာက ကြက်သားဟင်း၊ ဒန်ဇလုံက ဆိတ်ကလီစာ၊ အလိုလေး ပေါရိသာဒရဲ့ ညောင်ပင်အောက် ရောက်နေသလားမှတ်ရကွယ်တို့”တဲ့။

□




www.burmeseclassic.com

www.burmeseclassic.com






## မှန်မှန်သာမှိုင်းပါလို့

ဗီဒီယိုပေါ်ခါစ ဗီဒီယိုကြည့်ချင်နေကြတဲ့ လှတောသားတွေ တစ်ယောက်နှစ်ကျပ်နဲ့ လာပြတော့ အလုအယက် ပြေးကြတာပေါ့။

စက်ချွတ်ယွင်းလို့လား၊ အခွေကညံ့လို့လား တစ်ခုခုပဲ၊ ဝါးတားတား မှုန်ပြာပြာကြီး။ ဒါကို မျက်စိမှုန်တဲ့ ဦးကြီးတစ်ယောက်က သည်းမခံနိုင်ပုံနဲ့ ထပြီး –

"ဟလိုလေး ဗီဒီယိုရယ်၊ ဘာမှမမြင်ရပါလားကွယ်၊ မမြင်ရချက် ထူးပုံကတော့ သပိတ်ဖင်မှာ မီးသွေးခဲနဲ့ရေးထားတဲ့ ဆရာမှုန်ရဲ့ ပန်းချီကားကြီးလား မှတ်ရဟေ့"

□

www.burmeseclassic.com

www.burmeseclassic.com



## မော်ဒယ်မှ မောတယ်သို့

"မြို့က ရောဂါပေါင်းစုံ တို့လူတောကို နေ့ချင်းညချင်း ကူးစက်လာပါလေရောဟဲ့"

ယောကျ်ားဝတ်ရုပ်အင်္ကျီ တဖားဖားနဲ့ တာလမ်းပေါ် ပြေးတက်သွားတဲ့ မိန်းကလေးကိုကြည့်ပြီး ဆန်ပြာနေတဲ့ လူတောသူ ငါစ်ယောက်က လေသံပစ်လိုက်တာပါ။

"ဟုတ်ပတော်၊ ရှပ်အင်္ကျီလည်းဝတ်သေး၊ မတန်တဆ ပွတာကြီးလည်း ဖြစ်နေတော့ ကိုယ်ဝန်ရှိတာ လူမမြင်အောင် ဖုံးထားသလား မှတ်ရအေ"

သူ့အဖော် အမျိုးသမီးက အတိုင်အဖောက်ညီညီ ပြောလိုက်ပါတယ်။ ဒီတွင် တတိယတစ်ယောက်က –

"အောင်မယ်လေး ရှပ်အင်္ကျီကမှ တော်ဦးမယ်၊ စပုတ်ရှပ် စွပ်ကျယ်ကျပ်ကျပ်ကလေး ဝတ်ထားတာရှိသေး၊ အပေါ်ပိုင်းက မတော်တရော်တွေ အပြူးလိုက်မြင်ရတာဟဲ့"

"အင်း ... ကာလကြီးကလည်းဆန်းသနဲ့၊ ချွတ်မှပေါ်တာ မဟုတ်ဘူး စွပ်ကျယ်အကျပ်ကလေးဝတ်ပြီး ဖော်လိုက်လည်း ရတာပဲ"

"အဲဒါပေါ့ဟ မော်ဒယ်က ဖော်တာဖြစ်ပြီး မောတယ်လို့ အော်ကုန်ကြရတာ"

❏



## မမနဲ့လက်စွပ်

လူတောသား ကျောင်းသားလေး၊ မုန့်စားလွှတ်ချိန် မုန့်လက်ကောက်သည်ရှေ့ ရောက်ခဲ့ရာက သေးကွေးလှန်းလှတဲ့ မုန့်တွေကို ကြည့်ပြီး ညည်းလိုက်ပုံက –

"ဟာလိုလေး မနဲ့လေးဝတ်တဲ့ လက်စွပ်တွေ ဒီဗန်းထဲ ဘယ်သူများ လာပုံထားပါလိမ့်" တဲ့။

❏

www.burmeseclassic.com

www.burmeseclassic.com



## အပျိုလေးနဖူး

လှတော စပါးအဝယ်ဒိုင်ကို စစ်ဆေးရေးအဖွဲ့နဲ့ ပါလာတဲ့ သတင်းထောက်က ချီးမွမ်းခန်းထုတ်ပါတယ်။

"ခင်ဗျားတို့ အဝယ်ဒိုင်က သန့်ရှင်းသပ်ရပ်ပြီး သိပ်ကောင်းတာပဲ"

ဒီတော့ ဒိုင်ဝန်ထမ်း လှတောသားက –

"ကောင်းမှာပေါ့ဗျာ၊ ပေါက်လာတဲ့ ပေါင်းမြက်တွေကို အာဂနာနဲ့နုတ်၊ အပျိုလေးနဖူးကို ကော်ဖတ်နဲ့ တိုက်ထားသလား မှတ်ရအောင် မြေပြင်ကိုချော၊ တစ်နေ့တစ်နေ့ ဒီမြေကြီးကို မောင်ရှင်လောင်းသ, သလို သနေတော့ မကောင်းဘဲနေပါတော့ မလားဗျာ"

❒



## မုန့်တိုင်းထဲက ဖော့တုံးများ

ရွှေဘို–မြို့ထောင်စေတီဘုရားပွဲမှာ ဦးမောင်မောင် ဆပ်ကပ်အဖွဲ့လာပြတာကို လှတောသားတစ်စု ဝင်ကြည့်မိတယ်။ ကျွမ်းဘားမလေးတွေက အမျိုးမျိုးအစွမ်းပြတာကို အံ့ဩမဆုံး။

နောက်ဆုံး ... ရင်ထဲမှာ မချုပ်တည်းနိုင်တော့ဘဲ အော်ဟစ် ဖွင့်အန်လိုက်ပါတယ်။

"ဟလိုးလေးလေး၊ ဆပ်ကပ်မယ်လေးတွေ ပေါ့ပါးလိုက်ပုံကတော့ ဖော့တုံးလေးတွေ လေမုန်တိုင်း မိသလားမှတ်ရကွယ်"

❒

www.burmeseclassic.com

www.burmeseclassic.com



## လောင်းကစားဝိဇ္ဇာ

လောင်းကစားမှုကြောင့် စီးပွားပျက်၊ ဘဝပျက်ခဲ့ရတဲ့ လူတစ်ယောက်။ ခုလည်း ဂျင်ဝိုင်းရောက်နေရာက တွေ့ချင်တဲ့ လူက လူလွှတ်ခေါ်ခိုင်းရတယ်။ ဒါပေမဲ့ ခေါ်တဲ့လူသာ ပြန်ရောက်လာတယ်။

"ဆရာ့လူ အနိုင်ထောင် ကစားနေတယ်၊ တော်တော်နဲ့ လာမှာ မဟုတ်ဘူး၊ ထိုးတဲ့လူတွေကလည်း အနိုင်ချည်းစုထိုးပေါ်တော့ အနိုင် ချည်းပဲဗျို့၊ ကြာတော့ ဆရာ့လူသွေးပျက်လာဟန်တူပါရဲ့၊ ပန်းကန်ပြားပေါ် ဆေးလိပ်မီးပွားကျတာတောင် ထ ထလျှော်နေပါရောလား"

❐



## ဦးမင်းကျော် အစာကြေဆေး

လှတောသားအိမ်တစ်အိမ်။ အိမ်ရှင်လှတောသားကြီးက မြို့ညှော်သည်ကို ထမင်းပွဲ ခင်းကျွေးပါသတဲ့။ ထမင်းပွဲက ဆန်အခြေအနေမကောင်းတာ မြင်တော့ သူ့အိမ်ရှင်မဘက်လှည့်ပြီး –

"ဟာလိုလေး ရှင်မရယ်၊ ညှော်သည်ကို ထမင်းချက်ကျွေးပါဆိုမှ ကျောက်စရစ်ခဲပြုတ်တွေ ချက်ရသလားဟဲ့၊ ဒီထမင်းသာ ဝအောင်စားမိရင် အစာကြေဆေးပုလင်းကို ဦးမင်းကျော် အရက်ပုလင်းလွယ်သလို လွယ်ထားရတော့မှာပေါ့ကွယ့်"

❐

www.burmeseclassic.com

www.burmeseclassic.com



## သျှောင်ထုံး ထုံးရမယ့်လက်

လူတော်သား လယ်သမားနှစ်ယောက် ကားလမ်းဘေးမှ စပါးခင်းကြီးများကို တွေ့ရာမှ –

"ဒီလယ်တွေက ငါ့စပါးပင်နဲ့တော့ ကွာပါ့ကွာ"

"ကွာတာမပြောနဲ့လေ၊ ဒီမှာက မြေဆီထည့်တာ ဗွက်ထလို့ သဲခင်းသလို အိတ်လိုက်ပစ်ထည့်ကြတာဗျ"

"မြေဆီထည့်တိုင်း ကောင်းမလားဟ"

"ကောင်းတာပေါ့ဗျာ၊ မြေဆီကြဲဖို့ မြေဆီအိတ်ထဲလက်နှိုက်ရဖန်များလွန်းတော့ လက်ဖမိုးက အမွေးတောင် သျှောင်ထုံးထုံးယူရအောင် သန်လာမှာဗျို့"

❒



## မိုးလေဝသဗေဒင်ဟော

ထင်းရောင်းတဲ့ လှည်းတစ်စီးဟာ ရောင်းပန်းလှအောင် အကြံအဖန်လုပ်ပြီး အမြစ်ဆုံ ကိုင်းကောက်တွေကို လှည်းအိမ်ထဲထည့်၊ အပေါ်ကမှ ကောင်းတာလေးတွေ ဖုံးလာတယ်။ ဒါနဲ့အမျှ ထင်းတွေ အများကြီးပါလာဟန် ရှိသလို လှည်းအိမ်ထက်အမြင့်ကြီးဖြစ်လာတယ်။ လှည်းသမားက ထင်းပုံကြီးပေါ်ထိုင်ပြီး နွားမောင်းလာတယ်ပေါ့။

ဒီတွင် ... နတ်ကန်ဦးသားတစ်ယောက်နဲ့ ပက်ပင်းတိုးရော။

"ထင်းလှည်းဆရာကြီး၊ ဘယ်တော့များမိုးရွာမှာလဲ"

လူချင်းမသိတဲ့အပြင် မဆီမဆိုင်လာမေးတဲ့အတွက် လှည်းသမားက သူ့ကိုတမင်နောက်တယ်ထင်ပြီး –

"ဟ ဘယ်သိမလဲ"

တုံးတိတိ ဖြေလိုက်ပေမယ့် တစ်ဖက်က အပြုံးမပျက် ပြန်ပြောလိုက်ပါတယ်။

"ဩော် ထင်းပုံကြီးက အမြင့်ကြီးဆိုတော့ ခင်ဗျားအာ ကျုပ်ထက်စာရင် မိုးရွာမယ့်ကောင်းကင်နဲ့ ပိုနီးနေလို့ပါ" တဲ့။

❒

www.burmeseclassic.com



## မူး မမူး

အရက်သမား သုံးယောက် ညက သူ့မူးကိုယ်မူး ဘယ်သူ ပိုမူးတယ်လို့ အမူးပြိုင်နေကြတာပါ။

"ငါလားမူးတာ၊ တကယ်မူးတာကမင်း"

"မမူးပါဘူးကွာ၊ ခါတိုင်းလောက်ပါပဲ"

"မူးသလား မမူးသလား ညက ဘုရားဝိုင်းထဲက ဖြတ်ပြန်လာတာ မှတ်မိသလား"

"အေးမှတ်မိတယ်"

"တံခွန်တိုင်နားရောက်တော့ မော့ကြည့်ပြီး မင်းဘာပြောသလဲ သိသလား"

"ငါဘာပြောလို့လဲ"

"မင်းစကားတွေ ငါကလုံးဝ လိုက်မှတ်ထားတာ ကိုယ့်လူရာ၊ မလှုပ်မယှက် ရပ်နေလိုက်တာ မညောင်းဘူးလား၊ ခြင်မကိုက်ဘူးလား၊ တကတဲ တံခွန်တိုင်နတ်ရုပ်လား မှတ်ရတယ်"တဲ့။

"အဲဒါ တံခွန်တိုင်နတ်ရုပ်ကို သွားပြီးစကားပြောခဲ့တာပဲ"

❒



## တေမိရုပ်တု

မိန်းမနှင့် စကားများပြီး အပြင်လျှောက်လည်နေတဲ့ လူတော်သား မိန်းမ စိတ်ပြေချိန်လောက်မှ အိမ်ပြန်လာပါတယ်။

"ဘာဟင်းချက်လဲ"

စကားစရှာပြီး ငြိမ်းချမ်းရေး ကမ်းလှမ်းတယ်။ မိန်းမက စိတ်မပြေသေးဘူး။ မကြားချင်ယောင်ဆောင်နေတယ်။

"ကလေးတွေကော"

ဒါလည်းအဖြေမရ။

ဒီတော့လည်း ဟိုအကြောင်းဒီအကြောင်း ရယ်စရာမောစရာတွေ သွားပြောပြီး ချော့ပြန်တာပေါ့။

သို့ပေမယ့် ... မိန်းမက စိတ်ဆိုးနေတုန်း။ လှည့်တောင်မကြည့်။

နာရီဝက်လောက်ကြာတဲ့ နောက်ဆုံး ကိုရွှေလူတော်သား ညည်းချင်းချလိုက်ပါတော့တယ်။

"ဟမလေးဟဲ့၊ ငါ့မဖြင့် ပြောလိုက်ရတာ ဝါစေ့ဆိတ်ဝါးသလိုပဲဟ၊ လက်စသတ်တော့ ငါ့မိန်းမမှ မဟုတ်ဘဲ၊ တေမိရုပ် ဖြစ်နေပါပေါ့"

❒

www.burmeseclassic.com

www.burmeseclassic.com



## သော့ခတ်ထားကြ

ရွာလယ်က နတ်သမားယောင်ယောင်၊ မှောင်ခိုယောင်ယောင်အိမ်ကို မြို့က ဘိုးတော်ပုံစံနဲ့ ဧည့်သည်ရောက်လာတယ်။

ရွာသားတချို့က သွားလေ့လာ စနည်းနာပြီးပြန်လာတော့ အခြေအနေပိုင်းမေးကြတယ်။

ဒီအခါမှာ–

"ဘိုးတော်လား ဘော်တိုးလားတော့မသိဘူး၊ လက္ခဏာတော့ကျွမ်းပုံပဲဟေ့၊ လက္ခဏာကြည့်နေပုံများ ပုဏ္ဏားကျောက်ကြည့်နေသလား မှတ်ရ"

"သူ့ဟာက မှန်ကောမှန်လို့လား"

"မှန်မမှန်တော့ မသိဘူး၊ မိန်းမတွေ အုံနေပုံကတော့ ထန်းလျက်ခဲ ပုရွက်ဆိတ်တက်နေတဲ့အတိုင်းပဲဗျို့"

"လုပ်ပုံကကော ဘယ့်နှယ်လဲ"

"ရုပ်ကလည်း မင်းသားကျော်ဟိန်းလားကျနေတာကလား၊ အပြောကျတော့ မြတ်လေး၊ ဟန်အမူအရာက နန်းဝင်းလား၊ သိန်းဖေလား မှတ်ရ၊ ဟာလိုလေး ကိုယ့်မယား ကိုယ့်သမီးတွေကို သေတ္တာထဲထည့် သော့ခတ်ထားဖို့သာ ပြင်ပေတော့ ငါ့လူတို့"

□

## သော့ခတ်ထားကြ



www.burmeseclassic.com

www.burmeseclassic.com






## အက်လိုက်တဲ့ပတ်ကြား

လယ်သမား (၁) "မင်းတို့လယ်တွေ ဒီနှစ် ဘယ်လိုနေလဲဟေ့"

လယ်သမား (၂) "ကောင်းတော့ ကောင်းပုံပဲ၊ ရေမမှန်တော့ အတပ်မပြောနိုင်သေးဘူး"

လယ်သမား (၁) "ပတ်ကြားအက်တွေ လိုက်ပလား"

လယ်သမား (၂) "ပတ်ကြားတွေ အက်အက်လာလိုက်တာများ အသူရိန်နတ်မင်းကြီး ခုန်ကူးရင်တောင် လိမ့်ကျမလားမှတ်ရ၊ ပတ်ကြားအက် တစ်ခု တောင်စကြဝဠာနဲ့ မြောက်စကြဝဠာ"

◻

www.burmeseclassic.com

www.burmeseclassic.com



## ဗုဒ္ဓဟူးနံတွေ သတိထား

ဝါးဝယ်ပြန်လာတဲ့ လူတစ်စုထဲမှာ လူပျော်လူနောက် တစ်ယောက် ပါလာတယ်။ ရွာထိပ်ကျတော့ မေးစေ့နှစ်လုံးနဲ့ သုံးတင်းဝင်ဆန်အိတ်ကြီး ပွေ့ထားသလားထင်ရတဲ့ ဗိုက်ပူပူ လူဝကြီးနဲ့ တွေ့တယ်၊ ဝါးဈေးမေးတယ်၊ ဒီတွင် လူနောက်က –

"ဝါးတွေ ဈေးတက်တယ်ဗျာ၊ တောမှာဝါးတွေ သီးလိုက်တာ တစ်တောလုံးပဲတဲ့"

"ဘာဆိုင်လို့လဲကွ"

"ဝါးသီးတော့ ဝါးပင်တွေသေမယ်၊ ဝါးရှားမယ်၊ ဝါးဈေး တက်မယ်ပေါ့၊ ဒါတင်မကသေးဘူး၊ ဗုဒ္ဓဟူးနံ ဝက်တွေလည်း စိုးရိမ်ရတယ်"

"အမယ် ဟဲ့ကောင်၊ မင်းစကားက ငါ့ကိုဝက်နဲ့နှိုင်းပြီး စောင်းချိတ်လိုက်တာ မသိဘူးမှတ်လို့၊ မင်းသာ ဗုဒ္ဓဟူးနံ ရောဂါနဲ့ ဝမ်းလျှောပြီး သေမယ့်ကောင်"

"ဟားဟား ခင်ဗျားသာ မဟုတ်တရုတ် စွပ်စွဲတဲ့အတွက် အမှုတက်ပြီး ဗုဒ္ဓဟူးနံ လက်ကောက်ဝတ်ရမှာ၊ ရွှေလက်ကောက် လို့မထင်နဲ့၊ စတီးလ်လက်ကောက်၊ သံလက်ကောက် သိပလား"

□



## 'ဝ' ငို့ကာ

လူဝကြီး၊ လူဝလေးတွေဆို လူတွေက ဝိုင်းကြည့်ပြီး ဝိုင်းစချင်ကြတယ်။ ခုလည်း လှတောသူတစ်စုက ဈေးထဲဝင် လာတဲ့ လူဝလေးကို –

"အမလေးဟဲ့ ဝလိုက်တာ၊ ခြေဖမိုးတွေက အဖောသမား ခြေထောက်"

"ဟုတ်ပတော် အသားပေါလိုက်တာ၊ လေတောင်ဝအောင် ရှူနိုင်ပါ့မလားပဲ"

"ဝလိုက်တာလူရယ်၊ ဝါးယောင်းမှိုကို သုံးခွက်တစ်ခွက် ဟင် ကျို့တိုက်တဲ့ဝက်လား မှတ်ရဲ့"

□

www.burmeseclassic.com

www.burmeseclassic.com



## မယ်စကြာဝဠာဝိန်

ကောင်မလေးတစ်ယောက်ကို ကောင်လေးတွေက အော်ကြီးဟစ်ကျယ် ဝေဖန်ရေးလုပ်ပုံက –

"လှတယ်ကွာ၊ မျက်လုံးက လင်းကွင်းတစ်ဖက် သံလွင်တစ်ဖက်"

"မျက်ခုံးမွေးကျတော့ အပြားလိုက်ကြီး၊ ထဘီအထက်ဆင်စကို နဖူးပေါ်တင် ပတ်ထားသလားမှတ်ရ"

"အေးကွ၊ ဆံထုံးကြီးကလည်း ကောက်ရိုးထုံး ရွက်လာတဲ့အတိုင်း"

"အဲ … ရုပ်လိုက်တော့မှ ယောက်မကို ထောင်ထားရာရောက်ပါပေါ့လားဗျာ"

❒



## အမြင့်တက်ရကိန်းအမှန်

ဂျပန်ခေတ်က အဖြစ်အပျက်တစ်ခုပါ။

စစ်အတွင်းကာလ ဆေးဝါးကမရှိ၊ ရောဂါအပြည့်နဲ့ ချွေးတပ်ဆွဲခံလိုက်ရသေးတယ်။

ပြန်လမ်းမရှိတဲ့ သေမင်းတမန် သံဖြူဇရပ်လမ်းတို့၊ အမ်းလမ်းတို့လို ငရဲဘုံရောက်သွားရသူတွေ ဒုနဲ့ဒေး။

ဒီအပြင် လေယာဉ်ကွင်းဆောက်ဖို့၊ ခံကတုတ်ဆောက်ဖို့ ချွေးတပ်ဆွဲတာမျိုးလည်း ရှိနေတဲ့အချိန်။

တစ်နေ့ရွာထဲကို ဂျပန်စစ်ကားကြီး မောင်းလာပြီး တွေ့သမျှလူတွေကို ကားပေါ်ဖမ်းတင်ရော။

ဒီအခါ လူကြီးတစ်ယောက်က ရှုံ့ရှုံ့မဲ့မဲ့နဲ့ ကားပေါ်တက်ရင်း အော်ညည်းတယ်ဆိုပဲ။

"ဟမလေး မှန်လိုက်တဲ့ ဗေဒင်ဆရာရယ်၊ အမြင့်တက်ရ

www.burmeseclassic.com



ကိန်းမြင့်တယ်ဆိုတာ လက်စသတ်တော့ ရင်ဆိုင်လောက်မြင့်တဲ့ ချွေးတပ်ကားပေါ် တက်ရတာပါလား”

ဒါနဲ့မြေဖို့ လုပ်အားပေးရတယ်၊ ပိုက်ဆံမရဘဲ ပါးရိုက်ခံရတယ်။ တော်ပါသေးရဲ့၊ ကားနဲ့ ပြန်ပို့ပေးလို့။ ဒီကြားထဲက ဦးလေးကြီးကတော့ ပေါက်ပေါက်ဖောက်လို့မဆုံး။

“အေပေး ဗေဒင်ဆရာရယ်၊ အမြင့်တက်ရကိန်း မြင့်တယ်ဆိုတဲ့ နင့်ဟောကိန်း မှန်လိုက်ပုံများ တာပေါ်တက်ပြီး မြေဖို့လိုက်ရတာ ဒူးဆစ်တွေ တဂျွတ်ဂျွတ်နဲ့ ချောင်လာတဲ့အထိပဲ။ ကြာတော့ ဒူးဆစ်ရိုးချင်း ပွတ်ပြီး ကြက်သွန်ဖြူညှော်နံ့ လိုက်လာပါရောလား ဗေဒင်ဆရာရဲ့”

❑



## အထပ်ထပ်ကွမ်း

ဒါကတော့ လှတောသူ အမျိုးသမီးတစ်စုရဲ့ စကားဝိုင်းက အသံတွေ။

“သူတို့တိုက်ရဲ့ လေးငါးဆယ်တိုက်ကျော်က မဟိုဒင်းကတော့ စီးပွားတက်လိုက်တာများ ရလိုက်တဲ့ ပိုက်ဆံတွေ ငွေစက္ကူကိုဒေါင်လုပ်ပြီး သွပ်ရှူးကြိုးနဲ့ ပိတ်ထားရတဲ့အထိ ရေတောင် မရေနိုင်ဘူးတဲ့”

“သူက ဘာနဲ့စီးပွားဖြစ်တာလဲ မေးပါဦး၊ သစ်မှောင်ခိုထုတ်၊ လေဘေးထည်တွေ မှောင်ကိုသွင်း၊ ဖဲဒိုင်ခံ၊ မကောင်းမှုဒုစရိုက်ကုမ္ပဏီဖွင့်ထားတာဆိုပဲ”

“အေးလေ… ဒါကြောင့်လည်း အဖမ်းခံရတာ၊ ဂဒီးဂနီး အမှုတွေပွေလီများတဲ့ အကယ်ဒမီဆုသာ ပေးမယ်ဆိုရင် ဝါဝါဝင်းရွှေထက်တောင် အထပ်ထပ်ပိုပြီး ကွမ်းလိုက်ဦးမယ်ဟော့”

ကျန်းမာချမ်းသာကြပါစေ
ဦးကောင်းထူး

www.burmeseclassic.com